ကြေးမုံ

The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ သောကြာနေ့၊ (14-3-2008) (၅၆၂)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြန်လည်ရွေးချယ်ခံရသည့် မလေးရှားနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　မတ်　　၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဒါတိုဆရီ အဗ္ဗဒူလာ ဟာဂျီ အာမက် ဘာဒါဝီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်

နေပြည်တော်　　မတ်　　၁၄

မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲသည် ၁၉၃၅ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် စိန့်ဂါဗရီယယ်(လ်)ကောလိပ်နှင့် Assumption Commercial ကောလိပ်တို့သို့ တက်ရောက်ခဲ့ပြီး ထမာဆက်တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။ ၁၉၆၈ခုနှစ်တွင် ဒီမိုကရက်တစ်ပါတီ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲသည် နိုင်ငံရေးလောကတွင် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ၁၉၇၅ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ စိုက်ပျိုးရေးနှင့် သမဝါယမ ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် ပြည်ထဲရေး ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ပြည်ထဲရေးဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အပြင် ပို့ဆောင်ရေးဝန်ကြီးတာဝန်ကို ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိနှင့် ၁၉၉၀ပြည့်နှစ်မှ ၁၉၉၁ခုနှစ်အထိ နှစ်ကြိမ်ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ ဗန်ကောက်မြို့တော် အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ၂၀၀၆ ခုနှစ်တွင် အထက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရပြီးနောက် ၂၀၀၇ ခုနှစ်တွင် ပြည်သူ့ပါတီ ခေါင်းဆောင်ဖြစ်လာခဲ့သည်။ ၂၀၀၇ခုနှစ်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲအပြီးတွင် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲသည် ထိုင်းနိုင်ငံ၏ (၂၅)ဦးမြောက် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ စတင်၍ ယင်းရာထူးတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် တော်ဝင်ဘွဲ့တံဆိပ်များစွာကို အပ်နှင်းခြင်းခံခဲ့ရသည်။ ယင်းတို့မှာ ၁၉၇၄ ခုနှစ်တွင် ထိုင်းနိုင်ငံဘုရင်မင်းမြတ်က ချီးမြှင့်သော မြင့်မြတ်သည့် တပ်မှူးဆုတံဆိပ်(တတိယအဆင့်)၊ ၁၉၇၅ ခုနှစ်တွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော်　　မတ်　　၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို မတ် ၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၄-၃-၂၀၀၈ (သောကြာနေ့)

ကျေးလက်ပြည်သူများ ကျန်းမာရေးတိုးမြှင့်ဖော်ဆောင် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်

နိုင်ငံလူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိရာ နိုင်ငံတော်အစိုးရက ကျေးလက်ဒေသနေ ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး တိုးတက်မြင့်မားစေရန် စီမံကိန်းလုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်ပေးနေသည်။

ကျေးလက်ဒေသများ၏ အခြေခံသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးကို အဓိကထား၍ ဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးနည်းပညာ တစ်ဧကအထွက်နှုန်းကောင်း သီးနှံမျိုးသစ်များနှင့် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးမှုများကြောင့် လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်လာလျက်ရှိသည်။

ယနေ့အချိန်အခါတွင် လူတိုင်းအသိပညာနှင့် အတတ်ပညာရှာဖွေဆည်းပူးနိုင်ရေး၊ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး သင်ယူလေ့လာနိုင်ရေးတို့အတွက် ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေး နည်းလမ်းများကို ဖန်တီးဖော်ဆောင်ပေးနေသည်။ ထိုနည်းတူ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖွင့်လှစ်ပေးလျက်ရှိရာ ကျေးလက်ပြည်သူများ စာဖတ်ရှုမြင့်မားရေးနှင့် ဗဟုသုတတိုးပွားရေးတို့အတွက် အထောက်အကူပြုလျက်ရှိသည်။

ဟုမ္မလင်းမြို့နယ် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသစ် ဖွင့်လှစ်ပွဲကို မတ်လ ၁၁ ရက်နေ့က ကျင်းပခဲ့သည်။ ယခုဖွင့်လှစ်လိုက်သည့် မြို့နယ်ပြည်သူ့ဆေးရုံသစ်သာမက တိုက်နယ်ပြည်သူ့ဆေးရုံ သုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာနတစ်ခုတို့လည်း ထူထောင်ထားရှိပြီးဖြစ်ရာ ဟုမ္မလင်းမြို့နယ်နှင့်အနီးတစ်ဝိုက်ရှိ မြို့နယ်များမှ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုဆောင်ရွက်ပေးနိုင်နေပြီ ဖြစ်သည်။

ယခုအခါ နိုင်ငံတော်နှင့် ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များကလည်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေအားလူအားဖြင့် ပါဝင်လှူဒါန်း လက်တွဲကြိုးပမ်းလျက်ရှိရာ ကျေးလက်ဒေသ အခြေခံလိုအပ်ချက်များ ပြည့်စုံနေသည့် စံပြကျေးရွာအများအပြားကို တွေ့မြင်နေရပြီဖြစ်သည်။ ဤအစဉ်အလာကောင်း၊ အခြေခံကောင်းများနှင့်အညီ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ပေးခြင်းဖြင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာလျက် ရှိပါသည်။ ။

လှိုင်မြို့နယ် ၁၂ ရပ်ကွက် အောင်ဓမ္မရိပ်သာလမ်း မေတ္တာလမ်းသွယ်နေ ဗိုလ်မှူးခင်ဦး (ငြိမ်း)-ဒေါ်တင်တင်မြင့် (ပါမောက္ခ၊ ငြိမ်း) မိသားစုတို့က ကြေးပြားရှစ်ချပ် တန်ဖိုးငွေကျပ် ၂၀၀၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာပြပွဲ၂၀၀၈ကျင်းပမည်

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပသော မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ပြပွဲ၂၀၀၈ (Myanmar ICT Exhibition-2008)ကို မတ် ၂၁ ရက်မှ ၂၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ နည်းပညာပြပွဲတွင် ပြည်တွင်းကုမ္ပဏီနှင့်လုပ်ငန်း ၉၀ တို့မှ နိုင်ငံတကာအသိအမှတ်ပြု အမှတ်တံဆိပ် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Networking ဆိုင်ရာ နည်းပညာသစ်များ၊ Software Solution များ၊ ကွန်ပျူတာဆိုင်ရာသင်တန်းများ၊ စာအုပ်စာတမ်းများကို ပြသထားမည်ဖြစ်ပြီး ပြပွဲကာလအတွင်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ပြပွဲနှင့်စပ်လျဉ်း၍ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းရုံး ဖုန်း-၆၅၂၂၇၆နှင့် မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်းရုံး ဖုန်း-၆၅၂၂၃၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကချင်ပြည်နယ် ဆက်သွယ်ရေးစခန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မတ် ၁၀ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် ဖားကန့်မြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မိုးညှင်းမြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသို့ရောက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ အင်ဂျင်နီယာများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကချင်ပြည်နယ် ဖားကန့်မြို့ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

မူလသာသနာ့ဒီပကဝိပဿနာအဖွဲ့ သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ မူလသာသနာ့ဒီပက ဝိပဿနာအဖွဲ့ချုပ်၏ ကျေးဇူးရှင် ကမ္မဋ္ဌာနာစရိယဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း သားတပည့် ဓမ္မကထိကများဖြစ်သော ဦးခင်မောင်ရီ၊ ဦးမောင်အုန်း၊ ဦးသိန်းဆွေ(ရန်ကုန်)တို့က (၆၉)ကြိမ်မြောက် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ခုနစ်ရက် တရားစခန်းကို ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ ဗဟန်းမြို့နယ် ကြားတောရလမ်း တိပိဋက ဓမ္မရက္ခိတ ဗိမာန်တော်ကြီး၌ ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဧပြီ ၁၁ရက် ညနေ ၅ နာရီ နောက်ဆုံးထား လာကြရမည်ဖြစ်ပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးမြသောင်း ဖုန်း-၂၉၂၀၅၀၊ ဓမ္မကထိက ဦးခင်မောင်ရီ ဖုန်း-၅၇၁၇၄၅၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်လှိုင် ဖုန်း-၅၄၆၈၃၈၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင် ဖုန်း-၅၀၀၁၂၉၊ အတွင်းရေးမှူး ဦးမောင်မောင် ဖုန်း-၀၉ ၉၉၂၇၃၈၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရဟန်းခံ၊ ရှင်ပြု သီလရှင်ဝတ်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၃

ဗုဒ္ဓပူဇနိယဆိမီး ၉၉၀၀ အဖွဲ့(အင်းစိန်)ကကြီးမှူး၍ နဝမအကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ်ပွဲကို မဟာသင်္ကြန်ကာလဖြစ်သည့် ဧပြီ ၁၂ ရက်မှ ၁၇ ရက်အထိ အင်းစိန်မြို့နယ် တောင်သုကုန်းရပ်ကွက် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓပူဇနိယ ဆိမီး ၉၉၀၀ အဖွဲ့(အင်းစိန်) ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသအား ဥပဇ္ဈာယ်ပြု၍ကျင်းပမည်ဖြစ်ရာသင်္ကန်း၊ ဝတ်စုံ၊ဆွမ်းစားစရိတ်ပါ ရဟန်းတစ်ပါးလျှင် ငွေကျပ်၂၇၀၀၀၊ သာမဏေနှင့် သီလရှင်တစ်ပါးလျှင် ငွေကျပ် ၂၂၅၀၀၊ ဖြင့် လှူဒါန်းနိုင်ပြီး ဗုဒ္ဓပူဇနိယဆိမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က သင်္ကန်းနှင့် ဝတ်စုံတစ်စုံစီကို လှူဒါန်းမည်ဖြစ်သည်။

အရုဏ်ဆွမ်း တစ်နပ်လျှင် ငွေကျပ် ၅၄၀၀၀၊ နေ့ဆွမ်း(အချိုပွဲပါ) တစ်နပ်လျှင် ငွေကျပ် ၇၂၀၀၀၊ အအေးတစ်ရက်လျှင် ငွေကျပ် ၉၀၀၀ဖြင့် ဗုဒ္ဓပူဇနိယဆိမီး ၉၉၀၀အဖွဲ့ (အင်းစိန်) ရုံး စုပေါင်းရုံးဝင်း ဖုန်း-၆၄၂၈၅၈၊ ၆၄၀၄၈၇နှင့် ၆၄၀၄၈၉တို့သို့ ဧပြီ ၇ ရက် နောက်ဆုံးထား ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၃

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို မတ် ၁၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အစည်းအဝေး ခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်တို့က အမှာစကားပြောကြားကြပြီး အဖွဲ့ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ဆွေးနွေးမှာကြား

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဖေဖော်ဝါရီ ၁၅ ရက်က တွံတေးမြို့နယ်ရုံးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးမှာကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

☆ **ထိုင်းနိုင်ငံဝန်ကြီးချုပ်မှ**

ဆင်ဖြူတော်ကွပ်ကဲခွင့်ရသည့် တပ်မှူးဆုတံဆိပ်(တတိယအဆင့်)၊ ၁၉၇၆ ခုနှစ်တွင် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်ကချီးမြှင့်သော သူရဲကောင်း တပ်မှူး ဆုတံဆိပ်(ဒုတိယအဆင့်)၊ ၁၉၇၇ ခုနှစ်တွင် ရာမမင်း၏ မဟာယိုဒ်ဟင် သူရဲကောင်း တပ်မှူးဆုတံဆိပ်၊ ၁၉၇၉ ခုနှစ်တွင် ထိုင်းနိုင်ငံဘုရင်မင်းမြတ်က ချီးမြှင့်သော သူရဲကောင်းတပ်မှူးဆုတံဆိပ်(ပထမအဆင့်)၊ ၁၉၈၁ ခုနှစ်တွင် ဆင်ဖြူတော်ကွပ်ကဲခွင့်ရသည့် သူရဲကောင်း တပ်မှူးဆုတံဆိပ် (ပထမအဆင့်)၊ ၁၉၈၃ ခုနှစ်တွင် ဆင်ဖြူတော်ကို ကွပ်ကဲသည့် သူရဲကောင်း တပ်မှူး(အထူးအဆင့်)စလွယ်ကြိုး၊ ၁၉၈၄ခုနှစ်တွင် ချူလာ ချွမ် ကလောင် သူရဲကောင်း တပ်မှူးဘွဲ့တံဆိပ် (ဒုတိယအဆင့်၊ အငယ်တန်း)၊ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်ကချီးမြှင့်သော သူရဲကောင်း တပ်မှူး(အထူးအဆင့်) စလွယ်ကြိုး၊ ၁၉၉၆ ခုနှစ်တွင် ဒီရက်ဂန်နာဟွန် သူရဲကောင်း တပ်မှူးဆုတံဆိပ် (ပထမအဆင့်)၊ ၂၀၀၂ ခုနှစ်တွင် ချူလာ ချွမ် ကလောင် သူရဲကောင်း တပ်မှူးဘွဲ့တံဆိပ် (ဒုတိယအဆင့်၊အကြီးတန်း)တို့ဖြစ်သည်။

မစ္စတာ စမတ်(ခ်)စွန်ထော်ရဝ့်သည် ဆုရတ် စွန်ထော်ရဝ့်နှင့် အိမ်ထောင်ပြုခဲ့ပြီး သားသမီးနှစ်ဦး ထွန်းကားခဲ့သည်။ (သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြအောင်ကအဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) အဖွဲ့ခွဲ၏ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ပြည်နယ်ဥပဒေအရာရှိ ဦးရှုအောင်က ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေနှင့် နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ ရုံးဝင်းအတွင်းရှိ မဲရုံများ၌ ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ နည်းပညာသတင်းမှတ်တမ်း

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၀၈ ကျင်းပမည်

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပသော မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၀၈(Myanmar ICT Exhibition-2008)ကို မတ် ၂၁ရက်မှ ၂၃ရက်အထိ နေ့စဉ်နံနက် ၉နာရီမှညနေ၅နာရီအတွင်း ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ နည်းပညာပြပွဲတွင် ပြည်တွင်းကုမ္ပဏီနှင့် လုပ်ငန်း ၉၀ တို့မှ နိုင်ငံတကာအသိအမှတ်ပြု အမှတ်တံဆိပ် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Networkingဆိုင်ရာနည်းပညာသစ်များ၊ Software Solutionများ၊ ကွန်ပျူတာဆိုင်ရာသင်တန်းများ၊ စာအုပ်စာတမ်းများကို ပြသထားမည်ဖြစ်ပြီး ပြပွဲကာလအတွင်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ ပြပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း–၆၅၂၂၇၆ နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံး ဖုန်း–၆၅၂၂၃၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂျပန်–မြန်မာ အပြန်အလှန်အသိအမှတ်ပြု ITPEC Exam ကျင်းပမည်

ရန်ကုန် မတ် ၁၃

IT ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ Information-Technology Promotion Agency (IPA) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)တို့ ပူးပေါင်းကျင်းပမည့် ဂျပန်–မြန်မာ အပြန်အလှန်အသိအမှတ်ပြု (Japan-Myanmar Cross Certification-ITPEC Exam)စာမေးပွဲကို ဧပြီ ၆ရက် (တနင်္ဂနွေနေ့) တွင် Myanmar Info-Tech ၌ကျင်းပမည်ဖြစ်ရာ စာမေးပွဲ အနီးကပ်သင်တန်းကို မတ် ၁၈ရက်မှ ၃၁ရက်အထိ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး သင်တန်းကြေး အခမဲ့ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e-Learning Center ၌ တက်ရောက်နိုင်သည်။

စိတ်ဝင်စားသူများအနေဖြင့် ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Techရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ရုံး ဖုန်း–၆၅၂၃၀၇နှင့် ၇၀၇၅၀၃ တို့သို့ စုံစမ်းမေးမြန်းနိုင်သည်။ စာမေးပွဲဝင်ခွင့်လျှောက်လွှာများကို မတ် ၃၁ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။ အဆိုပါ ITPECစာမေးပွဲများကို ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် ရောဝတီတိုင်း ပုသိမ်မြို့တို့၌လည်း ဧပြီ ၆ရက်တွင် တစ်ပြိုင်တည်း စစ်ဆေးမည်ဖြစ်သည်။ (သတင်းစဉ်)

စက်မှုလက်မှု အင်ဂျင်နီယာ သင်တန်းဖွင့်

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ NPEG (နတ်မောက် စက်မှုလက်မှုနှင့် အင်ဂျင်နီယာလုပ်ငန်းအုပ်စုကုမ္ပဏီလီမိတက်)မှ ဦးစီးဖွင့်လှစ်သော ဝါရင့်ကျွမ်းကျင်အင်ဂျင်နီယာများ ဦးစီးသည့် 'Technical Training & Service Centre ဆိုင်းဘုတ်တင် ဖွင့်ပွဲအခမ်းအနားကို မတ် ၆ ရက်က ကျင်းပသည်။ အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများသည် ကုမ္ပဏီတည်ရှိရာ အမှတ်–၆၀၊ လေးလွှာ ရန်ကုန်–အင်းစိန်လမ်းမ (၉)ရပ်ကွက် လှိုင်မြို့နယ် ဖုန်း–၅၀၀၄၂၀ နှင့် ၀၉–၈၀ ၂၄၆၆၂၊ ၀၉–၈၀ ၃၄၅၄၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

အနှစ်သာရ အစစ်အမှန်

အကာဖြစ်သော ကာမဂုဏ်ကိုလေသာ မကောင်းမှုဒုစရိုက်တရားတို့ကို တွယ်ကပ်မနေဘဲ အနှစ်အစစ်အမှန်ဖြစ်သော ကောင်းမှုကုသိုလ်တရားတို့ကို ပွားများနိုင်မှသာလျှင် သီလဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ကောင်းသောသူခ အနှစ်သာရအစစ်အမှန် ရပေလိမ့်မည်။ (ဓမ္မပဒ ၁၂)

မကွေးတိုင်း နတ်မောက်မြို့နယ် ဖျောက်ဆိပ်ပင်စာသင်တိုက်တွင် တယ်လီဖုန်းတပ်ဆင်ရန်အတွက် ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းနေ ဦးခိုင်ထွေး–ဒေါ်သင်းသင်းခိုင်၊ သမီး သဲရတနာထွေး၊ ဆုသီရိစံ (Asia Brave Trading Co., Ltd) မိသားစုတို့က အလှူငွေကျပ် ကိုးသိန်းကို ဆရာတော် ဦးကောဝိဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

သံအမတ်ကြီးဦးမင်းသိန်း ယူကရိန်းနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၄

ယူကရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိန်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၈ခုနှစ် မတ် ၃ရက်တွင် ကီဗ်မြို့၌ ယူကရိန်းနိုင်ငံသမ္မတ မစ္စတာဗစ်တာယူရှန်ကိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ရဟန်းတော်များ ကမ္မဋ္ဌာန်း ဆရာဖြစ်သင်တန်း

ရန်ကုန် မတ် ၁၃

သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒကိုခံယူ၍ ရာသက်ပန်ဥက္ကဋ္ဌ စာရေးဆရာကြီးမင်းယုဝေ ဦးစီးသော ရန်ကုန်မြို့ လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ရဟန်းတော်များ သီးသန့် ကမ္မဋ္ဌာနာ စရိယ ၄၅ ရက် ဆရာဖြစ်သင်တန်းကို ပုသိမ်မြို့ မဟာရံသီပရိယတ္တိ၊ ပဋိပတ္တိကျောင်းတိုက်(တကောင်းဘုရားအနီး) သရောင်းချောင်းလမ်းတွင် ဧပြီ ၂၇ ရက်မှ ဇွန် ၁၁ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တက်ရောက်လိုသော ရဟန်းတော်များသည် အစိုးရ ပထမကြီးတန်းအောင်မြင်၍ သက်တော် ၃၀ မှ ၆၀ အတွင်းဖြစ်ပြီး အနည်းဆုံး ၁၀ ဝါ ရှိရမည်။

သင်တန်းပို့ချမည်ဖြစ်ပါ၍ ယင်းသင်တန်းကို တက်ရောက်လိုသော ရဟန်းတော်များသည် မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်း ဖုန်း–၀၁–၃၇၀၉၅၈ (သို့) ပုသိမ်မြို့ မဟာရံသီ ပရိယတ္တိ၊ ပဋိပတ္တိကျောင်းတိုက် ဖုန်း–၀၄၂–၂၅၁၅၀၊ ၀၉၅–၂၀၁၄၀၀(သို့) သန်လျင်မြို့လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် ဖုန်း ၀၅၆–၂၁၄၃၂ သို့ ဧပြီ ၆ ရက် နောက်ဆုံးထား၍ လျှောက်လွှာပုံစံများ ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ (က–ပ)

ကုန်သည်စက်မှုအသင်းချုပ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေး နေပြည်တော်၌ ကျင်းပမည်

ရန်ကုန် မတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို မတ် ၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အသင်းသားများ၊ ပြည်နယ်နှင့်တိုင်းများရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းများ၊ နယ်စပ်ကုန်သွယ်ရေး ကုန်သည်အသင်းများ၊ ကုန်ပစ္စည်းအလိုက်၊ လုပ်ငန်းအလိုက်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြရန် အသင်းချုပ်က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြိတ် အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၃

ပထမအကြိမ် မြိတ် အထက(၁) အဝေးရောက် ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲကို မတ် ၁၆ ရက် (တနင်္ဂနွေနေ့)တွင် မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ယုဇနဟိုတယ်ခန်းမ ရွှေဂုံတိုင် ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်ပါ၍ ဖေဖော်ဝါရီလတွင် နောက်ဆုံး အပူဇော်ခံရန် စာရင်းပေးထားသော ဆရာ၊ ဆရာမများနှင့် ရန်ကုန်မြို့ရောက် မြိတ် အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ရန်ကုန်မြို့ရောက် မြိတ် အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများက နှိုးဆော်ထားကြောင်း သိရှိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄–၃–၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၁၅** ၄။ မဟာဂီတ ချိုကြည်မြ
- **၄:၂၀** ၅။ မျိုးချစ်တပ်မတော်
- **၄:၃၀** ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၇။ အမျိုးသားရေးတေးကဗျာ
- **၅:၀၀** ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- **၅:၃၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- **၆:၄၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ပုံရိပ်ပမာ (အပိုင်း–၈၁)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ စေ့ဆွန်ရာလမ်းမများ –တက္ကစီမင်းနှင့်စိတ်ကူးယဉ်အိပ်မက်
- ၁၉။ စိုက်ပျိုးသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –သွေးသစ္စာအေး (အပိုင်း–၁)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

အီရတ်နိုင်ငံမြောက်ပိုင်းတွင် လှုပ်ရှားနေသော ပီကေကေ ကာ့ဒ်သူပုန်တပ်ဖွဲ့ဝင်အချို့ကို မတ် ၁၂ ရက်က တွေ့ရ စဉ်။ (ဓာတ်ပုံ-အင်တာနက်)

အစ္စရေးတို့၏ အနောက်ဘက်ကမ်း လူနေအိမ်ရာများ ဆောက်လုပ်မှု အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးကို ခြိမ်းခြောက်လျက်ရှိ

ကိုင်ရို မတ် ၁၂

အနောက်ဘက်ကမ်း ဒေသတွင် အစ္စရေး လူနေအိမ်ရာများ ဆောက်လုပ်နေထိုင်စေသည့် မူဝါဒသည် အရှေ့အလယ်ပိုင်းဒေသ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက် ခြိမ်းခြောက်မှု အန္တရာယ်ဖြစ်လျက်ရှိကြောင်း အာရပ်အဖွဲ့ချုပ် (အေအယ်လ်) အထွေထွေ အတွင်းရေးမှူးချုပ် အမားမူဆာက တနင်္လာနေ့တွင် သတိပေးပြောကြားကြောင်း အီဂျစ်မီနာသတင်းဌာနက ဖော်ပြသည်။

အစ္စရေး လူနေအိမ်များ အခြေစိုက်နေထိုင်သည့် မူဝါဒကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရပ်ဆိုင်းထားခဲ့ရပြီး ဆက်လက်အကျိုးဖြစ်ထွန်းအောင် မဆောင်ရွက်နိုင်ဘဲ ဖြစ်ရသည်ဟု မူဆာက ပြောကြားသည်။

အနောက်ဘက်ကမ်းတွင် အစ္စရေး အခြေစိုက်နေထိုင်မှု တိုးချဲ့ဆောင်ရွက်မည့် လက်ရှိအစီအစဉ်သည် အစ္စရေးက ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းစွာ မနေလိုကြောင်း ပြသသည့်လက္ခဏာတစ်ရပ်ဖြစ်သည်ဟု မူဆာက ဆက်လက် ပြောကြားသည်။

ရာပေါင်းများစွာရှိသော အစ္စရေး အိမ်ရာအသစ်များ အနောက်ဘက်ကမ်းတွင် ဆောက်လုပ်နေမှုကို အစ္စရေး ဝန်ကြီးချုပ် အီဟွတ်အိုလ်မတ်က ထောက်ခံသည်ဟု အစ္စရေး ဟာရက်ဇ် နေ့စဉ်သတင်းစာက ရေးသားသည်။

အဂန်အေလော့ဒေသတွင် ရှိသည့် အဆိုပါအိမ်ရာစီမံကိန်းတွင် အိမ်ရာသစ် ၇၅၀ ခန့် ဆောက်လုပ်ရေးလုပ်ငန်းပါဝင်သည်ဟု သတင်းစာက ရေးသားသည်။

ရေစုန်မျောသွား

အစ္စရေးအိမ်ရာသစ် တိုးချဲ့ဆောက်လုပ်ရေး အစီအစဉ်ကြောင့်၁၉၆၇ ခုနှစ်က နယ်စပ်ဒေသများအတွင်း ပါလက်စတိုင်းနိုင်ငံ ထူထောင်မည့် အစီအစဉ်သည် ရေစုန်မျောသွားရသည်ဟု မူဆာက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘရာဇီး၌ လက်ပစ်ဗုံးဖြင့် တိုက်ခိုက်၍ ရဲတစ်ဦးသေဆုံး

ရီယိုဒီဂျနေးရိုး မတ် ၁၂

ဘရာဇီးနိုင်ငံတောင်ပိုင်း ရိုစီဟာဒေသတွင် မတ် ၁၀ ရက်က လက်ပစ်ဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း သက်ဆိုင်ရာက ပြောကြားသည်။

စေလွှတ်ထား

လက်ပစ်ဗုံးပေါက်ကွဲရာ နေရာသည် ဆင်းရဲသား ရပ်ကွက်ဖြစ်ပြီး မူးယစ်မှောင်ခိုလှုပ်ရှားမှုများကို စုံစမ်းရန် ရဲတပ်ဖွဲ့ဝင်များအား စေလွှတ်ထားသောနေရာလည်း ဖြစ်သည်။

ရဲတပ်ဖွဲ့ရှိရာသို့ မူးယစ်ဆေးဝါးမှောင်ခိုသမားများက လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ရာ အသက် ၄၁ နှစ်ရှိ ရဲတပ်ကြပ်ကြီးတစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ နောက်ပိုင်းတွင် ရဲတပ်ကြပ်ကြီး ဂျိုအာလုဇ်အင်နာစီယိုလူလာဒါဆီးဗားမှ ထိုဒဏ်ရာဖြင့်ပင် သေဆုံးခဲ့သည်။

ရိုစီဟာဒေသနှင့် ရီယိုဒီဂျနေးရိုးရှိ ဆင်းရဲသားရပ်ကွက်သုံးခုကို တိုးတက်ဖွံ့ဖြိုးစေရန်အတွက် မြို့ပြစီမံချက်များကို ဘရာဇီးသမ္မတ လုဇ်အင်နာစီယိုလူလာဒါဆီးဗား၏ အမိန့်ဖြင့် စတင်အကောင်အထည်ဖော်လျက်ရှိသည်။

ရည်မှန်း

အဆိုပါ စီမံချက်များအတွက် ဗဟိုနှင့် ဒေသဆိုင်ရာအစိုးရများက မတည်ငွေ ထူထောင်ပေးပြီး နွမ်းပါးသော ကျူးကျော်ရပ်ကွက်များ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်း၍ လုပ်ဆောင်ပေးခြင်း ဖြစ်သည်။

တိုးမြှင့်ချထား

ဘရာဇီးနိုင်ငံ၏ မူဝါဒအရ မူးယစ်မှောင်ခိုသမားများ ကြီးစိုးနေသည့် အဆိုပါရပ်ကွက်များတွင် လုံခြုံရေးပိုမိုကောင်းမွန်စေရန် ရဲတပ်ဖွဲ့အင်အားလည်း တိုးမြှင့်ချထားသွားမည်ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ငွေအမြောက်အမြားမှောင်ခိုမှုဖြင့် စွဲဆိုခံထားရသူ ဖိလစ်ပိုင်သမ္မတဟောင်းကတော်အား တရားသေလွှတ်

မနီလာ မတ် ၁၂

ဖိလစ်ပိုင်သမ္မတဟောင်းကတော် အီမယ်ဒါမားကို့စ်သည် ၎င်းရင်ဆိုင်နေရသော ငွေအမြောက်အမြား မှောင်ခိုခိုးထုတ်မှု ၃၂ မှုကို မနီလာတရားရုံးက မတ် ၁၀ရက်တွင် တရားသေလွှတ်လိုက်သည်။ သမ္မတမားကို့စ်သည် ၁၉၈၆ ခုနှစ်တွင် အာဏာသိမ်းမှုဖြစ်ပေါ်လာသဖြင့် ရာထူးကို စွန့်လွှတ်ခဲ့ရသည်။ ထိုအချိန်မှစ၍ ၎င်းတို့မိသားစုသည် ခြစားမှုနှင့် ငွေမှောင်ခိုမှု စသည့်ပြစ်မှုများဖြင့် ရင်ဆိုင်နေရသည်မှာ ၁၇နှစ်ကြာပြီဖြစ်သည်။

ဒေါ်လာများသည် ဆွစ်ဇာလန်နိုင်ငံရှိ မားကို့စ်ဘဏ်စာရင်းနှင့် ဆက်နွှယ်မှုရှိသော်လည်း ပြစ်ဒဏ်ချမှတ်နိုင်လောက်အောင် သက်သေခိုင်လုံမှုမရှိကြောင်း မနီလာဒေသတရားရုံးအဖွဲ့ အမှတ် ၂၆မှ တရားသူကြီး ဆဲလ်ဗီနိုပမ်ပီလိုက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘိုလီးဗီးယားနိုင်ငံ ကိုချမ်ဘမ်ဘာတွင် ရှေ့တန်းသို့ထွက်မည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို မတ် ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အရှေ့တီမောသမ္မတ ဒဏ်ရာသက်သာလာ

ဆစ်ဒနီ မတ် ၁၂

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ကြုံတွေ့ရသည့် လုပ်ကြံသတ်ဖြတ်မှုတွင် ပြင်းထန်စွာ ဒဏ်ရာရရှိသွားသော အရှေ့တီမောသမ္မတ ဂျိုဆေးရာမို့စ်ဟော်တာသည် မတ် ၁၂ ရက်မှစ၍ စကားပြောနိုင်သော အခြေအနေသို့ရောက်ရှိပြီဖြစ်သည်။

နာမကျန်းဖြစ်နေစဉ်အတွင်း ဒဏ်ရာကို ပျောက်ကင်းသက်သာအောင် ကုသပေးသည့်ဆေးဝန်ထမ်းများအား ကျေးဇူးတင်ကြောင်း စတင်ပြောကြားသည်။ သေနတ်ဒဏ်ရာ ပြင်းထန်စွာရခဲ့သော ရာမို့စ်ဟော်တာသည် ငါးကြိမ်ခွဲစိတ်ကုသခဲ့ရသည်။ သမ္မတအား ကုလားထိုင်တွင် ထိုင်၍ စကားပြောဆိုနေသည့်ပုံကို သြစတြေးလျမြောက်ပိုင်းရှိ ဆေးရုံ၌ မီဒီယာများအား ရိုက်ကူးခွင့်ပြုခဲ့သည်။

သူပုန်များသည် ဖေဖော်ဝါရီ ၁၁ ရက်က သမ္မတအား လုပ်ကြံခဲ့ကြခြင်းဖြစ်ပြီး တစ်နေ့တည်းမှာပင် ဝန်ကြီးချုပ်ကိုလည်း တိုက်ခိုက်ခဲ့ကြသည်။ သို့သော် ဝန်ကြီးချုပ် ဇာနာနာတပ်စ်မာအိုမှာ အထိအခိုက်မရှိ လွတ်မြောက်သွားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အစ္စရေးအား ဒုံးကျည်ဖြင့် ပစ်ခတ်မှု ရပ်ဆိုင်းရန် သဘောတူညီသည့် သတင်းမမှန်ကြောင်း ဟားမတ်စ်အဖွဲ့ပြောကြား

ဂါဇာ မတ် ၁၂

အစ္စရေးစစ်ဘက်က ဟားမတ်စ်အဖွဲ့၏ ခေါင်းဆောင်များအား ပစ်မှတ်ထားတိုက်ခိုက်မှု မပြုသည့်အတွက် ဟားမတ်စ်တို့က ရော့ကက်ဒုံးကျည်များဖြင့် အစ္စရေးအား တိုက်ခိုက်မှုရပ်ဆိုင်းရေးကို သဘောတူခဲ့သည်ဆိုသည့် သတင်းသည်မှားယွင်းကြောင်း ဂါဇာကမ်းမြောင်ရှိ ဟားမတ်စ် လှုပ်ရှားမှုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ဟားမတ်စ်ခေါင်းဆောင်များအား အစ္စရေးက ပစ်မှတ်ထား မတိုက်ခိုက်ရန် စည်းကမ်းသတ်မှတ်ချက်ဖြင့် ဟားမတ်စ်က အစ္စရေးအား ရော့ကက်ဒုံးကျည် များဖြင့် တိုက်ခိုက်မှု ရပ်ဆိုင်းရန် သဘောတူညီခဲ့သည်ဟု ပါလက်စတိုင်းသမ္မတ မာမွတ်အဘားစ်က ဆော်ဒီအာရေဗျ ရုပ်မြင်သံကြား အစီအစဉ်သို့ ပြောကြားခဲ့သည်။

အထက်ပါ ကြေညာချက်က ဟားမတ်စ်အဖွဲ့၏ ဂုဏ်သိက္ခာကိုညှိုးနွမ်းစေသည်ဟုဂါဇာကမ်းမြောင်ရှိဟားမတ်စ်အဖွဲ့၏ပြောရေးဆိုခွင့်ရှိသူဆာမီအဘူဇာရီက ဝေဖန်ပြောကြားသည်။ဂါဇာကမ်းမြောင်မှ စစ်သွေးကြွများက ကြာသပတေးနေ့ နောက်ပိုင်းမှ စတင်၍ အစ္စရေးတောင်ပိုင်းသို့ ရော့ကက်ဒုံးကျည်များဖြင့် ပစ်ခတ်မှုကို ရပ်ဆိုင်းခဲ့စဉ် အစ္စရေးစစ်ဘက်ကလည်း ဂါဇာကမ်းမြောင်အတွင်း စစ်ရေးအရ တိုက်ခိုက်မှုများကို အဆုံးသတ်ခဲ့ပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗြိတိန်နိုင်ငံ အနောက်တောင်ပိုင်း ဝက်စတင်းဆူပါမဲ ကမ်းခြေတွင် လေပြင်းတိုက်ခတ်မှုကြောင့်ကမ်းခြေသို့ ရိုက်ခတ်လာသည့် လှိုင်းများကိုကို မတ် ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်နိုင်ငံခြားရေးဝန်ကြီး ရိုက်စ်အား စစ်ဆန့်ကျင်သူများက ဆန္ဒပြ

ဝါရှင်တန် မတ် ၁၃

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ် ကွန်ဂရက်လွှတ်တော်သို့ အစည်းအဝေးတက်ရန် လာရောက်ရာတွင် စစ်ဆန့်ကျင်ရေးသမားများက အနီရောင်ခြယ်ထားသော လက်များဖွေ့ယမ်းပြကာ စစ်ရာဇဝတ်ကောင် ရိုက်စ်ဟု အော်ဟစ်၍ ဆန္ဒပြကြသည်။

အရပ်ဝတ်ဝတ်ဆင်ထားသော ရဲများက ဆန္ဒပြသူများကို ရှေ့မတိုးနိုင်အောင် တားဆီးခဲ့ကြသည်။ စစ်ဆန့်ကျင်သူများက "ကွန်ဒိုလီဇာရိုက်စ်၊ ကလေးများကို သတ်ဖြတ်သူ" ဟူ၍ အော်ဟစ်ခဲ့ကြသည်။ ကွန်ဂရက်တွင် အီရတ်နိုင်ငံနှင့် ပတ်သက်၍ ကြားနာမှုများ ပြုလုပ်တိုင်း ကုဒ်ပင့်(ပန်းရောင်အဖွဲ့)ဟု ခေါ်သော စစ်ဆန့်ကျင်ရေးသမားများသည် လာရောက်ဆန္ဒပြလေ့ရှိသည်။

ထိုအဖွဲ့တွင် ၁၅ ဦးမှ ၂၀ အထိ ပါဝင်လေ့ရှိပြီး လွန်ခဲ့သော ဆောင်းဦးရာသီအတွင်းကလည်း အဆိုပါအဖွဲ့မှ ဆန္ဒပြသူ အမျိုးသမီးတစ်ဦးသည် အနီရောင်လက်ဖြင့် ရိုက်စ်၏မျက်နှာဆီသို့ ဖွေ့ယမ်းရန် ကြိုးစားသည့်အတွက် အဖမ်းခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror
နိုင်ငံတကာရေးရာ သတင်းများ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အခြားနိုင်ငံများ၏ လူ့အခွင့်အရေးကို အမေရိကန်က လက်ညှိုးထိုးဝေဖန် မိမိပြည်တွင်း၌ ဖြစ်နေသော အခြေအနေများကိုမူ မဝေဖန်ဟုဆို

ပေကျင်း မတ် ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၀၇ ခုနှစ်အတွက် အမေရိကန်နိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အခြေအနေ အရပ်ရပ်ကို ဖော်ပြသည့် အစီရင်ခံစာကို မတ် ၁၃ ရက်ကထုတ်ပြန်လိုက်သည်။

တုံ့ပြန်

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနက မတ် ၁၁ ရက်တွင် တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ထိုထုတ်ပြန်ချက်ကို တုံ့ပြန်သောအားဖြင့် အမေရိကန်၏ ၂၀၀၇ ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာကို တရုတ်က ထုတ်ပြန်ခြင်းဖြစ်သည်။

လက်ညှိုးထိုးပြစ်တင်

အခြားကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေများကို အမေရိကန်သည် လက်ညှိုးထိုးကာ အပြစ်တင်ဝေဖန်လျက်ရှိသည်။ သို့သော်လည်း မိမိပြည်တွင်း၌ ဖြစ်နေသော အခြေအနေများကိုမူ တစ်စုံတစ်ရာ ဝေဖန်ခြင်းမရှိဟု တရုတ်နိုင်ငံမှ ထုတ်ဝေသော လူ့အခွင့်အရေး အစီရင်ခံစာတွင် ဖော်ပြထားသည်။

လူအများအနေဖြင့် အမေရိကန်၏ လက်ရှိအခြေအနေမှန်ကို ပိုမိုသိမြင်စေရန်နှင့် အမေရိကန်တို့၏ ဖြစ်ပျက်နေသော အခြေအနေများကို သဘောပေါက်စေရန် လူ့အခွင့်အရေး အစီရင်ခံစာကို ပြုစုရခြင်းဖြစ်သည်ဟုဆိုသည်။

ထိုအစီရင်ခံစာတွင် အမေရိကန်နိုင်ငံ၏ ပုဂ္ဂိုလ်ရေးလုံခြုံမှု အခြေအနေ၊ တရားရေးနှင့် ဥပဒေစောင့်ထိန်းရမည့် အဖွဲ့များ၏ ဥပဒေလိုက်နာမှု အခြေအနေ၊ အရပ်ဘက်နှင့် နိုင်ငံရေးအရ အခွင့်အရေး ချိုးဖောက်မှု အခြေအနေ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအရ ချိုးဖောက်မှုအခြေအနေ၊ လူမျိုးရေးအရ ခွဲခြားမှု အခြေအနေစသည်များကို အပိုင်းလိုက် ဝေဖန်တင်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် နေတိုးစစ်ဆင်တိုက်ခိုက် အရပ်သားလေးဦးသေဆုံး

ကဘူး မတ် ၁၃

အာဖဂန်နစ္စတန် တောင်ပိုင်းတွင် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) တပ်ဖွဲ့များသည် တာလီဘန်များကို ထိုးစစ်ဆင်နွှဲစဉ် အမျိုးသမီးနှစ်ဦးနှင့် ကလေးနှစ်ဦးသေ ဆုံးသွားကြောင်း မဟာမိတ်တပ်ဖွဲ့မှ ထုတ်ပြန်ကြေညာသည်။

အရပ်သားများ သေဆုံးခြင်းသည် အမေရိကန်စစ်တပ်နှင့် နေတိုးတပ်ဖွဲ့များ၏ လက်အောက်မှ နိုင်ငံခြားတပ်ဖွဲ့နှင့် သမ္မတဟာမစ်ကာဇိုင်း၏ အစိုးရအဖွဲ့အတွက်အထိမခံနိုင်သောပြဿနာတစ်ခုဖြစ်သည်။

တနင်္လာနေ့က စစ်ဆင်ရေးတွင် ကလေးတစ်ဦး ဒဏ်ရာရရှိရာ နိုင်ငံတကာလုံခြုံရေးနှင့် အကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) က ကယ်ဆယ်၍ ကုသပေးခဲ့ကြောင်း နေတိုးတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

အရပ်သားများသေဆုံးရခြင်းအတွက် အိုင်အက်စ်အေအက်ဖ်က ဝမ်းနည်းကြောင်း ယင်း၏ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

သီရိလင်္ကာမြောက်ပိုင်းတွင်တိုက်ပွဲဖြစ်၊ သေဆုံးသူ၃၅ဦးရှိ

ကိုလံဘို မတ် ၁၃

သီရိလင်္ကာမြောက်ပိုင်းတွင် ပြီးခဲ့သည့်နှစ်ရက်က သီရိလင်္ကာတပ်ဖွဲ့နှင့် တမီးလ်ကျားသူပုန်တို့ တိုက်ပွဲဖြစ်ရာ တပ်ဖွဲ့ဝင်ငါးဦးနှင့် သူပုန်၃၀ခန့် သေဆုံးခဲ့သည်ဟု စစ်ဘက်သတင်းရပ်ကွက်က မတ်၁၂ရက်တွင် ပြောကြားသည်။

မန်နာဒေသ စီနာအိုဒိုင်ပါဒူအရပ်တွင် မတ်၁၂ရက် ဒေသစံတော်ချိန် နံနက် ၂နာရီတွင် တိုက်ပွဲဖြစ်သည်။ သီရိလင်္ကာတပ်ဖွဲ့က စတင်တိုက်ခိုက်ရာ သူပုန်လေးဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း အမျိုးသားလုံခြုံရေး သတင်းဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

သိမ်းပိုက်

တပ်ဖွဲ့နှင့်သူပုန်တိုက်ပွဲဖြစ်ရာတွင် မတ် ၁၁ရက်က သူပုန်၂၆ဦးသေဆုံးခဲ့သည်။ မန်နာဒေသ လူလ်ယန်ကူလမ်အရပ်ကို သီရိလင်္ကာတပ်ဖွဲ့များက သိမ်းပိုက်လိုက်ပြီးနောက် သူပုန်များက ထိုနေရာကို ပြန်လည်သိမ်းယူရန် ကြိုးပမ်းခြင်းကြောင့် တိုက်ပွဲဖြစ်ပွားရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါတိုက်ပွဲ၌ သေဆုံးခဲ့သူ သူပုန်များတွင် အများစုသည် အမျိုးသမီးများဖြစ်ပြီး သီရိလင်္ကာတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကာ ၁၃ဦးဒဏ်ရာရရှိသည်။

မန်နာဒေသတွင်လည်း မေဝါရက်မွန်းလွဲနှစ်နာရီခန့်က တိုက်ပွဲ ဖြစ်ပွားရာသီရိလင်္ကာတပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ တမီးလ်ကျားသူပုန်များသည် နိုင်ငံ၏ အရှေ့ပိုင်းနယ်မြေတစ်ဝန်းကို လွတ်လပ်သောနယ်မြေအဖြစ် ယခင်နှစ် ဇူလိုင်လတွင် အခိုင်အမာပြောကြားခဲ့သည်။ ယခုအခါ မြောက်ပိုင်းပြည်နယ်တွင် သီရိလင်္ကာတပ်ဖွဲ့များနှင့် သူပုန်များသည် ရင်ဆိုင်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။

၇၀၀၀၀ ကျော်သေဆုံး

တမီးလ်ကျားသူပုန်များသည် ၁၉၈၀ ပြည့်နှစ် နှစ်လယ်ကစ၍ နိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့ကို ၎င်းတို့သီးခြားပိုင်ဆိုင်သော နယ်မြေအဖြစ် ရရှိစေရန် ကြိုးပမ်းလာရာ သီရိလင်္ကာတပ်ဖွဲ့နှင့် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲများကြောင့်ပြည်သူ ၇၀၀၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာတစ်ဝန်းရှိကျားကောင်ရေ ထက်ဝက်ခန့် ကျဆင်း

စတော့ဟုမ်း မတ် ၁၃

ကမ္ဘာတစ်ဝန်းရှိကျားကောင်ရေသည် လွန်ခဲ့သည့် ရာစုနှစ်တစ်ခု၏ လေးပုံတစ်ပုံကာလတွင် ထက်ဝက်ခန့်ကျဆင်းခဲ့ရပြီး မျိုးတုံးမည့်အန္တရာယ်နှင့် တွေ့ကြုံနေရကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ (ဒဗလျူဒဗလျူအက်ဖ်)မှ ကျွမ်းကျင်သူများက အင်္ဂါနေ့တွင် ပြောကြားသည်။

ဆေးဝါးဖော်စပ်

ဆေးဝါးများ ဖော်စပ်ရာတွင် ကျား၏အစိတ်အပိုင်းများကို အသုံးပြုခြင်းကြောင့် ကျားများကောင်ရေလျော့နည်း ကျဆင်းလာရခြင်းနှင့် ၎င်းတို့ နေထိုင်ရာနေရာများပျက်စီးမှုသည် မျိုးတုံးမည့်အန္တရာယ်များပင်ဖြစ်သည်ဟု သဘာဝထိန်းသိမ်းရေး ပညာရှင်များက ပြောကြားသည်။

မျိုးတုံးမည့်အန္တရာယ်

အာရှနိုင်ငံအချို့မှ ကျားများမှာ မကြာမီပျောက်ကွယ်တော့မည့် အန္တရာယ်ရှိနေပြီး ဆူမတြားဒေသမှ ကျားကောင်ရေလည်း မျိုးတုံးမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည်ဟု သဘာဝထိန်းသိမ်းရေးပညာရှင်များက ဆွီဒင်နိုင်ငံတွင် ပြုလုပ်သည့် ညီလာခံတွင် ပြောကြားသည်။

သို့ရာတွင် သင့်တင့်လျောက်ပတ်သည့် အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ပါက ကျားကောင်ရေ ထောင်ချီတိုးလာနိုင်ပြီး ကျားမျိုးစိတ် ပျောက်ကွယ်နိုင်မည်မဟုတ်ဟု ဒဗလျူဒဗလျူအက်ဖ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ခိုးဝင်ရန် ကြိုးစား

အမေရိကန်နိုင်ငံ စင်တီယာဂိုကမ်းလွန်တွင် ခိုးဝင်ရန် ကြိုးစားသူများ စီးလာသည့် မော်တော်ဘုတ်တစ်စင်းကို မတ် ၁၃ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်တိုင်းရင်းပရဆေးဝါးများကြောင့် ကိုမိုရိုကျွန်း၌ ငှက်ဖျားဖြစ်ပွားမှု ကျဆင်း တရုတ်တိုင်းရင်းဆေး သုတေသီများ ပြောကြား

ပို့လူဝစ္စ မတ် ၁၃

ကိုမိုရိုကျွန်းငယ်တွင် ယမန်နှစ်က ငှက်ဖျားဖြစ်ပွားသည့် လူနာများသည် တရုတ်တိုင်းရင်းပရဆေးကြောင့် ရောဂါပျောက်ကင်းခဲ့ကြောင်း တရုတ်သုတေသီများက အင်္ဂါနေ့တွင် ပြောကြားသည်။

ကိုမိုရိုကျွန်းရှိ လူ ၄၀၀၀၀တို့ကို နိုဝင်ဘာလအတွင်းက ငှက်ဖျားဆေးပြားတိုက်ကျွေးကုသခဲ့မှုကြောင့် လူနာအများအပြား ပျောက်ကင်းခဲ့ရသည်ဟု တရုတ်ဂွမ်ဆူးရိုးရာတိုင်းရင်းဆေးတက္ကသိုလ်မှ စီမံကိန်း အဖွဲ့ ခေါင်းဆောင် မေလီက ပြောကြားသည်။

ကျဆင်းခဲ့

မိမိတို့ စီမံကိန်းစတင်ပြီး ရက်ပေါင်းခြောက်ဆယ်ကာလအတွင်း ငှက်ဖျားရောဂါဖြစ်သူဦးရေ ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဒီမိုကရေစီ နိုင်ငံတော်သစ်ကို အမှန်တကယ်လိုလားကြပါလျှင်

ကေတုနီလာ

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံတော်အစိုးရနှင့် တစ်မျိုးသားလုံးက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်အား ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ဖော်ဆောင်ရန်အတွက် မရှိမဖြစ် လိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကိုအတည်ပြုရန် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ထို့ပြင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးဥပဒေကိုလည်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကော်မရှင်အဖွဲ့ခွဲများကို ဗဟိုအဆင့်မှ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

သို့သော်လည်း နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် အဆိုးမြင်ဝါဒဖြင့် ပုတ်ခတ်စွပ်စွဲနေကြသည့် ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက် အဖွဲ့အစည်းများက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူတို့က ကန့်ကွက်ကြရန် ပြည်ပနယ်ချဲ့အုပ်စု၏ အသံလွှင့်ဌာနများမှတစ်ဆင့် အင်တာဗျူး ကဏ္ဍများ၊ မြန်မာ့အရေး၊ ကမ္ဘာ့အရေးကဏ္ဍများ၊ တိုက်ရိုက်လေလှိုင်းအစီအစဉ်များ စသည်တို့ဖြင့် သွေးထိုးလှုံ့ဆော်လျက်ရှိကြသည်။

အမျိုးသားညီလာခံစတင်ကျင်းပစဉ်က ထိုစဉ်က NLDပါတီဥက္ကဋ္ဌ ဦးအောင်ရွှေခေါင်းဆောင်သော NLD ပါတီ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အခြေခံမူ(၁၀၄)ချက်ကို ချမှတ်နိုင်သည်အထိ NLD ပါတီမှ ပါတီကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ စုံစုံညီညီ တက်ရောက်၍ သဘောတူ ပါဝင်ခဲ့ကြသည်။ ယင်းအခြေအနေကောင်းများကိုလည်း တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။ နိုင်ငံတော်၏အနာဂတ် ဒီမိုကရေစီ အရုဏ်ဦးကို ပြည်သူတို့က ကြည်နူးစွာ မျှော်လင့်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရသည် NLD ပါတီက ၎င်းတို့ပါတီမှ ထုတ်ပယ်ထားသည်ဆိုသော ပါတီအထွေထွေ အတွင်းရေးမှူးဟောင်း ဒေါ်စုကြည်ကို ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၀ရက်နေ့တွင် တားဆီးမိန့် ရုပ်သိမ်းပေးခဲ့သည်။ ဇူလိုင်လ ၁၁ရက်နေ့တွင် ဒေါ်စုကြည်က သတင်းစာရှင်းလင်းပွဲလုပ်ပြီး တွေ့ဆုံဆွေးနွေးမည်လား၊ အလုံးစုံ ပျက်သုဉ်းခံမည်လားဟု နိုင်ငံတော်အစိုးရကို ခြိမ်းခြောက်စကား ဆိုခဲ့သည်။ ဥက္ကဋ္ဌ ဦးအောင်ရွှေတို့ အမျိုးသားညီလာခံကို တက်ရောက်နေခြင်းနှင့် ပတ်သက်၍လည်း ၎င်းနှင့် သဘောထားချင်း မတိုက်ဆိုင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ယင်းနှင့် တစ်ဆက်တည်းပင် NLD ပါတီသည် ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ယင်းတို့ကိုယ်တိုင် ပါဝင်ညှိနှိုင်း အတည်ပြုထားသည့် ပါဝင်တက်ရောက်မည့် ညီလာခံကိုယ်စားလှယ် အချိုးအစားသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများကို မကောင်းမြင်သဘောထားဖြင့် ဝေဖန်ပုတ်ခတ်သည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည့်အပြင် ညီလာခံသို့ မတက်ရောက်တော့ကြောင်း စာတစ်စောင်ကို ပေးပို့ပြီး နိုင်ငံတော်၏ ဒီမိုကရေစီအရုဏ်ဦးကို ညစ်နွမ်းအောင် ဖျက်ဆီးခဲ့ကြတော့သည်။

NLD ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ မူလဆုံးဖြတ်ချက် သဘောထားများနှင့် ရပ်တည်ချက်အရ အမျိုးသားညီလာခံတွင် တက်ရောက်နေရာမှ ပါတီအထွေထွေအတွင်းရေးမှူးဟောင်း ဒေါ်စုကြည် တစ်ဦးတည်း၏ သဘောထားဖြင့် အမျိုးသားညီလာခံကို စွန့်ခွာဆန့်ကျင်ကျောခိုင်းလိုက်ခြင်းကို ကြည့်ခြင်းအားဖြင့် ဒီမိုကရေစီပါတီလော၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ပုဂ္ဂလိကပိုင် အသုံးချခံ ခါးပိုက်ဆောင်အဖွဲ့အစည်းလောဆိုသည်မှာ စောကြောစူးစမ်းဖွယ်ရာ ဖြစ်လာတော့သည်။

မည်သို့ဆိုစေ နိုင်ငံတော်အစိုးရအနေဖြင့် ပါတီတစ်ခု၏ အရေးထက် နိုင်ငံတော်အကျိုးကို ဦးစားပေးကာ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ယာယီရပ်ဆိုင်းထားသော အမျိုးသားညီလာခံကို ဆက်လက်ကျင်းပခဲ့သည်။ ယင်းညီလာခံသို့ တက်ရောက်ရန် NLD ပါတီကို နိုင်ငံတော်အစိုးရက သဘောထားကြီးစွာ ဖိတ်ကြားခဲ့သည်။ NLD ပါတီကလည်း ညီလာခံသို့ တက်ရောက်မည်ဟု ပြောခဲ့သည်။ သို့သော်လည်း ညီလာခံကျင်းပရက် နီးကပ်လာသည့်အချိန်တွင် ညီလာခံသို့ မတက်ရောက်နိုင်ကြောင်း အကြောင်းပြန်ကြားခဲ့သည်။ ယင်းနှင့်အတူ NLD ပါတီ၏ သြဇာခံ နိုင်ငံရေးပါတီများဖြစ်ကြသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီပါတီနှင့် ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီတို့ကလည်း ညီလာခံသို့ တက်ရောက်ရန် ပျက်ကွက်ခဲ့ကြသည်။ ထိုသို့ NLDပါတီ၏ မှုမမှန်သော လုပ်ရပ်များ ရှိစေကာမူ နိုင်ငံတော်အစိုးရအနေဖြင့် အခြားနိုင်ငံရေးပါတီများ၊ ရွေးချယ်ခံကိုယ်စားလှယ်များ အပါအဝင် ကိုယ်စားလှယ် စုစုပေါင်း ၁၀၈၆ ဦးဖြင့် အမျိုးသားညီလာခံ စတင်ကျင်းပခဲ့သည်။ အမျိုးသားညီလာခံအား ယနေ့ကာလတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့်အပြင် ညီလာခံမှ ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကိုပင် ရေးဆွဲပြီးစီးခဲ့ပြီဖြစ်သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၈ ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုပြဋ္ဌာန်းပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်အကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အမျိုးသားအကျိုးစီးပွားကို အခြေခံသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အခိုင်အမာရပ်တည်ရေးသည် နိုင်ငံရေးပါတီအားလုံးနှင့် နိုင်ငံရေးသမားများ၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ ဒီမိုကရေစီအခြေခံများအား မိမိနိုင်ငံ၏ ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများပေါ်တွင် လိုက်လျောညီထွေ တည်ဆောက်ရမည်ဖြစ်သည်။ ပြည်ပမှ တင်သွင်းလာသော ပုံတူကူး မိတ္တူပွားဒီမိုကရေစီ၏ သက်ရောက်မှုမှာ နိုင်ငံပြိုကွဲခြင်း၊ လူမျိုးရေးပဋိပက္ခများ ဖြစ်ပွားခြင်း၊ အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားခြင်း၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးကြရခြင်း၊ နိုင်ငံပိုင် သယံဇာတများရှိပါလျက် နိုင်ငံစီးပွားကို မထူထောင်နိုင်ဘဲ နယ်ချဲ့ကိုလိုနီလက်သစ်ဝါဒီတို့၏ ပေးစာကမ်းစာကို မှီခိုနေရခြင်းတို့သာ ဖြစ်သည်ကို ယနေ့ကာလတွင် အထင်အရှား တွေ့မြင်နေရပြီဖြစ်သည်။ ထို့ကြောင့် မိမိနိုင်ငံနှင့်ဆီလျော်မှုမရှိသော ပုံတူကူး ဒီမိုကရေစီများကို အတုယူရန် မသင့်ကြောင်း ပြည်သူအားလုံးက သဘောပေါက်နားလည်နေကြပြီဖြစ်သည်။

မကြာမီ တစ်မျိုးသားလုံးက တစ်ခဲနက်အတည်ပြုတော့မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးတို့၏ အကျိုးစီးပွားကို အခြေခံပြီး တိုင်းရင်းသားလူမျိုးများ၏ ဒီမိုကရေစီ ပိုင်ခွင့်ကို ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုမိုဖြည့်ဆည်းပေးထားသည်။

NLD ပါတီသည် ငါမပါလျှင် ဘာမှမဖြစ်ဟူသော သက္ကာယဒိဋ္ဌိ အစွဲအလမ်းကြီးမားစွာဖြင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို သွယ်ဝိုက်ပျက်ကွက်ခဲ့သည်။ မိမိပျက်ကွက်ခဲ့သည့် တာဝန်အကြွေး ဝန်ထုပ်ဝန်ပိုးကို နိုင်ငံတော်အစိုးရအပေါ် ပုံချ၍ မတော်တရော်စွပ်စွဲနေခြင်းသည် သိက္ခာရှိသော နိုင်ငံရေးပါတီတစ်ခု၏ အလုပ်မဟုတ်ပေ။ ယနေ့ကာလတွင် ပြည်တွင်းရှိ NLD ပါတီ အပါအဝင် **ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပျက်စီးစေရန်၊ ၎င်းတို့ ဖျက်၍ မပျက်စီးဘဲ ဆက်လက်ဆောင်ရွက်ဖြစ်ပါက ကန့်ကွက်မဲပေးကြရန်လှုံ့ဆော်လျက်ရှိသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ကန့်ကွက်မဲပေးခြင်းဖြင့် မည်သို့ဖြစ်လာမည်ကို ဆင်ခြင်စဉ်းစားကြရန် လိုအပ်ပေမည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရအနေဖြင့် မပြီးပြတ် သေးသော နိုင်ငံ့တာဝန်ကို ဖြစ်ပေါ်လာမည့်အခြေအနေပေါ် မူတည်၍ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ထမ်းဆောင်သွားမည်သာ ဖြစ်သည်။**

ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပျက်စီးစေရန်၊ ၎င်းတို့ ဖျက်၍ မပျက်စီးဘဲ ဆက်လက်ဆောင်ရွက်ဖြစ်ပါက ကန့်ကွက်မဲပေးကြရန်လှုံ့ဆော်လျက်ရှိသည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်းကို ကန့်ကွက်မဲပေးခြင်းဖြင့် မည်သို့ဖြစ်လာမည်ကို ဆင်ခြင်စဉ်းစားကြရန် လိုအပ်ပေမည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရအနေဖြင့် မပြီးပြတ်သေးသော နိုင်ငံ့တာဝန်ကို ဖြစ်ပေါ်လာမည့် အခြေအနေပေါ် မူတည်၍ နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများကို ဆက်လက်ထမ်းဆောင်သွားမည်သာ ဖြစ်သည်။

ထို့ကြောင့်ပင် အမြင်မှန်ရလာခဲ့သော တစ်ချိန်က အဆိုးမြင် အဖွဲ့အစည်းတစ်ခု၏ သဘောထားကြေညာချက်သည် မှတ်သားဖွယ်ရာ ပေါ်ထွက်လာခဲ့ပေသည်။ ယင်းအဖွဲ့အစည်းက ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်နေ့စွဲဖြင့် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ကြေညာချက်ပါ အကြောင်းအရာမှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ် (၁/၂၀၀၈)ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုကြောင်း၊ ထိုကြေညာချက်ဖြင့် တပ်မတော်အစိုးရက ပြည်သူလူထုအား မြန်မာ့နိုင်ငံရေးကို အဆုံးအဖြတ်ပေးမည့် တရားသူကြီးအဖြစ် လွှဲပြောင်းပေးလိုက်ခြင်းဖြစ်ကြောင်း၊ ပြည်သူလူထု၏ ဆုံးဖြတ်ချက်ကို အထင်သေးပြီး ယုံကြည်လက်ခံလိုခြင်း မရှိသော၊ ဖြစ်ချင်သည့်ဆန္ဒများကိုသာ ရှေ့တန်းတင်နေကြသော ဒီမိုကရေစီအရေခြုံ အင်အားစုများက ကဖျက်ယဖျက်လုပ်နေကြောင်း၊ မစားရသည့်အမဲ သဲနှင့်ပက်ကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက် အမှတ် (၁/၂၀၀၈)ကို ထိုးနှက်တိုက်ခိုက်နေခြင်းမှာ ပြည်သူလူထု၏ အခန်းကဏ္ဍကို စော်ကားဖျက်ဆီးခြင်းဖြစ်၍ ပြင်းထန်စွာ ရှုတ်ချလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ထိုသို့အားဖြင့် **မြန်မာနိုင်ငံတွင် မကြာမီ ဖြစ်ထွန်းလာတော့မည့် ဒီမိုကရေစီလမ်းကြောင်းသည် နိုင်ငံနှင့်လူမျိုး၏ ပကတိအကျိုးစီးပွားကို ဖော်ဆောင်နိုင်တော့မည်ဖြစ်ရာ "ဒီမိုကရေစီနိုင်ငံတော်သစ်ကို အမှန်တကယ် လိုလားကြပါလျှင်" ၂၀၀၈ ခုနှစ် မေလတွင် ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံဆန္ဒမဲပေးပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရန်မှတစ်ပါး အခြားရွေးချယ်စရာလမ်း မရှိပါဟူ၍ အလေးအနက် ဆိုလိုက်ရပါသည်။ ။**

အမျိုးသားအကျိုးစီးပွားကို အခြေခံသည့် ဒီမိုကရေစီလမ်းကြောင်း ပေါ်တွင် အခိုင်အမာရပ်တည်ရေးသည် နိုင်ငံရေးပါတီအားလုံးနှင့် နိုင်ငံရေးသမားများ၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ ဒီမိုကရေစီ အခြေခံများအား မိမိနိုင်ငံ၏ ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ ပေါ်တွင် လိုက်လျောညီထွေ တည်ဆောက်ရမည်ဖြစ်သည်။ ပြည်ပမှ တင်သွင်းလာသော ပုံတူကူး မိတ္တူပွားဒီမိုကရေစီ၏ သက်ရောက်မှုမှာ နိုင်ငံပြိုကွဲခြင်း၊ လူမျိုးရေး ပဋိပက္ခများ ဖြစ်ပွားခြင်း၊ အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားခြင်း၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးကြရခြင်း၊ နိုင်ငံပိုင် သယံဇာတများရှိပါလျက် နိုင်ငံစီးပွားကို မထူထောင်နိုင်ဘဲ နယ်ချဲ့ကိုလိုနီလက်သစ်ဝါဒီတို့၏ ပေးစာကမ်းစာကို မှီခိုနေရခြင်းတို့သာ ဖြစ်သည်ကို ယနေ့ကာလတွင် အထင်အရှား တွေ့မြင်နေရပြီ ဖြစ်သည်။

မျိုးဆက်သစ် သတင်းအတတ်ပညာရှင်များ ပေါ်ထွန်းလာမည်
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ
ပထမနှစ် သတင်းအတတ်ပညာကျောင်းသူများအား တွေ့ဆုံမေးမြန်း

သတင်းဆောင်းပါး – နုနုသိန်း (စီးပွားရေးတက္ကသိုလ်)၊
ခင်နှင်းရည် (ရန်ကုန်တက္ကသိုလ်)
ဓာတ်ပုံမှတ်တမ်း – မျက်ခြယ်ထွန်း (သတင်းအတတ်ပညာ)

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ၂၀၀၈ ခုနှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားတွင် တက်ရောက်သူများအား တွေ့ရစဉ်။

အမျိုးသား စီမံခန့်ခွဲမှုပညာ ကောလိပ်၏ ၂၀၀၈ ခုနှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို မတ် ၁၁ ရက် နံနက်က အဆိုပါ ကောလိပ်ရှိ ရာစုသစ် အရင်းအမြစ် ဖွံ့ဖြိုးမှုဌာနခန်းမ၌ ကျင်းပခဲ့သည်။ မောင်မယ်သစ်လွင် ကြိုဆိုပွဲတွင် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာ မြင့်ဆွေက ပထမနှစ် BBM, BA (EPP), BA (Journalism) ကျောင်းသား၊ ကျောင်းသူများအား နှုတ်ခွန်းဆက်စကားနှင့် ဆုံးမသြဝါဒစကား ပြောကြားခဲ့ပါ သည်။ မောင်မယ် သစ်လွင်များအနက် ယခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ပထမနှစ် သတင်းအတတ်ပညာ ကျောင်းသူအချို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်ကို တင်ပြလိုက်ပါသည်။

ရှေးဦးစွာ မဆုမြတ်သူ (JNL-7)နှင့် တွေ့ဆုံမေးမြန်းရာတွင် "သမီး သတင်းအတတ်ပညာကို ဝါသနာပါပါတယ်။ ထူးချွန်တဲ့ သတင်းစာဆရာ တစ်ယောက် ဖြစ်ချင်ပါတယ်။ သတင်းအတတ်ပညာ အဓိက ဘာသာရပ်တွေကို သင်ကြားရပါတယ်။ ဒါ့အပြင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ မြန်မာ့ရေးရာ၊ စီမံခန့်ခွဲမှုပညာ၊ ဘောဂဗေဒ၊သမိုင်း၊ပထဝီဝင်နဲ့ကွန်ပျူတာ ဘာသာရပ်တွေကိုလည်း လေ့လာသင်ယူကြရပါတယ်။ သတင်းစာဆရာကောင်းတစ်ဦး ဖြစ်ဖို့ဆိုရင် သင်ကြားပေးတဲ့ သင်ခန်းစာတွေကို စာတွေ့ရောလက်တွေ့ပါ ကျေညက်အောင် လေ့လာရပါမယ်။ အင်္ဂလိပ်၊ မြန်မာဘာသာစကားနဲ့ ကွန်ပျူတာ

ထူးချွန်တဲ့ သတင်းစာဆရာ တစ်ယောက် ဖြစ်ချင်ပါတယ်။
မဆုမြတ်သူ(JNL-7)

ပညာကိုလည်း ကျွမ်းကျင်ရပါမယ်။ ဗဟုသုတကြွယ်ဝပြီး ဖြတ်ထိုးဉာဏ်လည်း ကောင်းရပါမယ်။ အဓိကကတော့ ဝါသနာ၊ စေတနာနဲ့ အနစ်နာ ခံမှုတွေရှိဖို့ လိုမယ်လို့ ထင်ပါ တယ်" ဟူ၍ သူ၏အမြင်ကို ပြောကြားသွားသည်။

ဆက်လက်၍ မဆုမြတ်နိုင် (JNL-16) နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"သမီးရဲ့ ဘဝရည်မှန်းချက်က အရည်အချင်းပြည့်ဝပြီး ကျွမ်းကျင်တဲ့ မှုခင်းသတင်းထောက် တစ်ယောက် ဖြစ်ချင်ပါတယ်။ သတင်းအတတ်ပညာ အဓိက ဘာသာရပ်တွေကို နှစ်သက်ပါတယ်။ စာတွေ့အပြင် လက်တွေ့ လေ့လာမှုတွေပါတာမို့ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းပါတယ်။ အခြားဘာသာရပ် တွေဟာလည်း သတင်းစာဆရာတိုင်း သိသင့်တဲ့ ပညာရပ်တွေဖြစ်ပါတယ်။ ခက်ခဲနက်နဲတဲ့ ပညာရပ်ကို လေ့လာရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်" ဟူ၍ ပြောကြားသွားသည်။

ထို့အတူ မသီရိတင် (JNL-39)က "တိုင်းပြည်နဲ့ လူမျိုးကို အကျိုးပြုနိုင်တဲ့ Journalist တစ်ယောက် ဖြစ်ချင်တဲ့အတွက် ဒီပညာရပ်ကို လေ့လာဖြစ်ခဲ့တာပါ။ သမီးဘွဲ့ရပြီးရင် ဂျာနယ်ထုတ်နိုင်အောင် ကြိုးစားချင်ပါတယ်။

သတင်းပညာရပ်ဟာ တက်ရောက်တဲ့အချိန်ကစပြီး စိတ်ဝင်စားဖို့ကောင်းပါတယ်။ တဖြည်းဖြည်း သင်ကြားရတာ အရှိန်ရလာတာနဲ့ အမျှ ပိုမိုပြီး လေ့လာချင်စိတ်တွေ၊ ကြိုးစား အားထုတ်ချင်စိတ်တွေ များပြားလာပါတယ်။ ပညာရပ်ရဲ့ သဘာဝကိုလည်း နားလည်လာခဲ့

သမီးရဲ့ ဘဝရည်မှန်းချက်က အရည်အချင်း ပြည့်ဝပြီး ကျွမ်းကျင်တဲ့ မှုခင်းသတင်း ထောက် ဖြစ်ချင်ပါတယ်။
မဆုမြတ်နိုင်
(JNL-16)

ပါတယ်။ သတင်းအတတ်ပညာဟာ သမီးတို့ ထင်ထားတာထက် အများကြီး ခက်ခဲပါတယ်"ဟူ၍ ပြောကြားသွားပါသည်။

ထို့အတူ မဖူးပြည့်ပြည့်စိုး (JNL-45)ကလည်း "သမီး သတင်းပညာကို ဝါသနာပါလို့ တက်ခဲ့တာပါ။ တကယ်သင်ကြားလေ့လာရတဲ့အခါမှာ ပညာရပ်ရဲ့ တန်ဖိုးကို ပိုပြီး သိမြင်လာရပါတယ်။ သမီးတို့ကို သင်ကြားပေးတဲ့ ဝါရင့် သတင်းစာဆရာကြီးများကလည်း အနှစ်နှစ်အလလ စုဆောင်းရရှိတဲ့ အသိအမြင်ပညာတွေကို သမီးတို့ကို သင်ကြားပေးပါတယ်။ သမီးတို့စာတွေ့လက်တွေ့ အများကြီး ဆည်းပူးရဦးမှာပါ" ဟူ၍ သူ့အမြင်ကို ပြောပြပါသည်။

သတင်း အတတ်ပညာဟာ ထင်ထားတာထက် အများကြီး ခက်ခဲပါတယ်။
မဖူးပြည့်ပြည့်စိုး(JNL-45)

ဆက်လက်၍ မမျက်ခြယ်ထွန်း (JNL-47)က "သမီးရဲ့ ရည်ရွယ်ချက်က အချိန်နဲ့အမျှ ပြောင်းလဲနေတဲ့ သတင်းအဖြစ်အပျက်များကို ပြည်သူများထံ အချိန်နဲ့တစ်ပြေးညီ ဖြန့်ဖြူးပေးချင်တဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ်။ ကျောင်းမှာ သတင်းစာဆရာ တစ်ယောက် သိသင့်သိထိုက်တဲ့ အကြောင်းအရာများကို လစ်ဟာမှုမရှိ သင်ကြားပေးပါတယ်။ ကျောင်းသင်ခန်းစာများကို နေ့စဉ် မှန်မှန် လေ့လာတဲ့အပြင် နေ့စဉ်ကမ္ဘာနှင့် မြန်မာ့သတင်းများ လေ့လာပါတယ်။ သတင်းစာရဲ့ ဖွဲ့စည်းပုံကိုလည်း မှတ်သားပါတယ်။ ကွန်ပျူတာနှင့် အင်္ဂလိပ်စာကိုလည်း ကျွမ်းကျင်အောင် ကြိုးစားနေပါတယ်။ ဆောင်းပါးနဲ့ ကဗျာရေးဖို့လည်း လေ့ကျင့်ရမှာ ဖြစ်ပါတယ်" ဟူ၍ ရှင်းလင်းပြောပြခဲ့ပါသည်။

ပထမနှစ် သတင်းအတတ်ပညာကို လေ့လာဆည်းပူးနေသော မျိုးဆက်သစ် လူငယ်လေးများ၏ ရည်မှန်းချက်နှင့် ခံယူချက်တို့မှာ လေးနက်လှပါသည်။ မြန်မာနိုင်ငံတွင် ယခုနှစ်မှ စတင်ဖွင့်လှစ်သည့်

အချိန်နဲ့အမျှ ပြောင်းလဲနေတဲ့ သတင်း အဖြစ်အပျက်များကို ပြည်သူများထံ အချိန်နဲ့ တစ်ပြေးညီ ဖြန့်ဖြူးပေးချင်ပါတယ်။
မမျက်ခြယ်ထွန်း
(JNL-47)

သတင်းအတတ်ပညာ ဘာသာရပ်သည် အသွင်သဏ္ဍာန်ရော အနှစ်သာရပါ ပြည့်ဝသည့်ဘာသာရပ် ဖြစ်ပါသည်။ သို့ဖြစ်ရာ ယခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားသည့်သတင်း

တိုင်းပြည်နဲ့ လူမျိုးကို အကျိုး ပြုနိုင်တဲ့ Journalist ဖြစ်ချင် ပါတယ်။ မသီရိတင်(JNL-39)

အတတ်ပညာရပ်သည် အရည်အသွေးမီ၊အရည်အချင်းပြည့်ဝသော မျိုးဆက်သစ်မီဒီယာသတင်းအတတ်ပညာရှင်များ ပေါ်ထွန်းလာရေး အတွက် အထောက်အကူပြုလျက် ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

ဆေးရုံသုံး အောက်ဆီဂျင်စက် နှစ်လုံး လှူဒါန်း

ရန်ကုန် မတ် ၁၃

မိဘများဖြစ်သော ဦးလှကြည်–ဒေါ်နှင်းညွန့် (ဂုဏ်ပိုးထည်တိုက်)အား အမှူးထား၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်နေ ဦးမောင်မောင် (ခ) Henrykyi (Furusato)–ဇနီး Fujiko Kyi (Fujiko Beauty Centre)၊ သားသမီး Dr. Myint Oo-Yukiko Kyi မိသားစုတို့က သဃ်န်းကျွန်းစံပြဆေးရုံသို့ ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ အောက်ဆီဂျင်စက် တစ်လုံး၊ ပြင်ဦးလွင်ပြည်သူ့ဆေးရုံသို့

ငွေကျပ် ရှစ်သိန်းနှစ်သောင်းတန် အောက်ဆီဂျင်စက်တစ်လုံးကို သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများထံသို့ လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

သင့်သွေးဖြင့် အသက်ကယ်ပါ

စစ်ကိုင်း မတ် ၁၃

စစ်ကိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးကျော်အောင် ဦးဆောင်သော အဖွဲ့သည် မတ် ၁၂ ရက်က စစ်ကိုင်းမြို့မှ ရန်ကုန်၊ မန္တလေး၊ မုံရွာမြို့များသို့ ပြေးဆွဲနေသော ခရီးသည်တင် ဘတ်စ်ကားကြီးများအား ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှု အဆင်ပြေချောမွေ့ရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းရေး၊ သတ်မှတ်ယာဉ်အင်္ဂါရပ်၊ စည်းကမ်းချက်များ ညီညွတ်စေရေးအတွက် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ခရီးသည်များအား တွေ့ဆုံပြီး ပညာပေး စစ်ဆေးခဲ့ကြောင်းသိရသည်။ **(ယာပုံ)**

(ကုန်းလမ်းပို့ဆောင်ရေး)

စစ်ကိုင်းခရိုင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ခရိုင်ဦးစီးမှူးနှင့်အဖွဲ့ ပညာပေးစစ်ဆေး

ရန်ကုန်မြို့လမ်းမကြီးများ အဆင့်မြင့်တိုးတက်ရေးဆောင်ရွက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လူအား၊ စက်ယန္တရားအားတို့ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် နံနက် ၇နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းဆုံ အနီး ကမ်းနားလမ်းသို့ရောက်ရှိလာရာ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ငွေနှင့် တာဝန်ရှိသူတို့က သိမ်ဖြူလမ်းဆုံမှ ဗိုလ်တထောင်ဘုရားလမ်းဆုံအထိ လမ်းအရှည် ပေ ၂၅၀၀ နှင့် အကျယ် ၇၂ ပေရှိ ကမ်းနားလမ်းအပိုင်းအား တိုးတက်ရေး ဆောင်ရွက်ရန်လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် လသာမြို့နယ် ဗိုလ်ရွဲလမ်းနှင့် ၂၃ လမ်းအကြား အနော်ရထာလမ်း တောင်ဘက်ခြမ်း လူသွားစင်္ကြံအား ကွန်ကရစ်ခင်းကျင်း ဆောင်ရွက်နေမှုနှင့် အနော်ရထာလမ်းနှင့် မဟာလှိုင်မြို့နယ်အကြားရှိ သမိုင်းချောင်း ရေစီးရေလာ ကောင်းမွန်စေရန် တိုးချဲ့ဖောက်လုပ်နေမှု၊ အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ အလျားပေ ၂၀၀ နှင့် အနံပေ ၁၀၀ အကျယ်ရှိ Steel Structure အမျိုးအစား တစ်ထပ်အဆောက်အအုံဖြစ်သည့် ကျောက်မျက်သိုလှောင်ရုံများ တိုးချဲ့တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ (၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ကမ်းနားလမ်း ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ကတ္တရာ ကွန်ကရစ်ထပ်ပိုးလွှာခင်းနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ ရှင်းလင်းတင်ပြကြပြီး မြို့တော်ဝန်က ရန်ကုန်မြို့ရှိ လမ်းမကြီးများ အဆင့်မြင့် ဗန္ဓုလလမ်းအကြား ၂၂ လမ်း ဝဲ/ယာရှိရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ်နှင့်

❍ ကျောဖုံးမှ

ထို့နောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ဧရာဝတီတိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ဧရာဝတီတိုင်းကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ခရိုင်ကော်မရှင် အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစံလွင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် စာကြည့်တိုက် အုတ်မြစ်စီ အခမ်းအနားကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေ အမှာစကားပြောကြားစဉ်။ (၆၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၀၈(သောကြာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"အစွမ်းထက်မြက်သောဂါထာတော်များ" [ဆရာတော် အရှင်ကဥ္စနောဘာသ(မှဘွေ-ကလေး၀)]
၈:၀၅-၂:၀၅	အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၏ တရားရှုမှတ်ခြင်းများ
၈:၁၅-၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀-၂:၂၀	Myanmar Video Rhythm
၈:၄၅-၂:၄၅	လောကကိုအလှဆင်မည့်ပန်းများရဲ့ဥယျာဉ်
၉:၀၀-၃:၀၀	ပြည်တွင်းသတင်းအကျဉ်း
၉:၁၀-၃:၁၀	တေးဂီတအစီအစဉ်
၉:၁၅-၃:၁၅	ဒေါက်တာချစ်ငယ်(ဒဿန) Ph.D ၏ နိဗ္ဗာန်ဆီသို့အထူးတရားပွဲ(၁)(နေပြည်တော် တပ်ကုန်း)
၉:၃၅-၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀-၃:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅-၃:၄၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉:၅၅-၃:၅၅	မိုးလေဝသခန့်မှန်းချက်
၁၀:၀၀-၄:၀၀	ဖူးစာဖက်တို့ဆုံစည်းဖို့ရာ "အလှဆုံးအချိန် အပြီးမျက်နှာ"
၁၀:၁၀-၄:၁၀	Art Vision "Beauty of Bougainvillea"
၁၀:၂၀-၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅-၄:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅-၄:၃၅	စိုက်ပျိုးဝေဆာတို့မြေမှာ "အပင်တစ်သျှူးမျိုးပွားနည်းများ"
၁၁:၀၀-၅:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၁:၃၀-၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၁၁:၅၅-၅:၅၅	လောကီလောကုတ္တရာနှစ်ဖြာအောင်မြင် အာယုဒီဃပျိုးဥယျာဉ်
၁၂:၃၀-၆:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅-၆:၃၅	VJ Choice
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သာသနာ့ဗေဈမင်္ဂလာပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော် ဝိဇာတမွေးနေ့မင်္ဂလာ ဓမ္မပူဇာသဘင်

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနာ့ဗေဈမင်္ဂလာ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒ၏ ဝိဇာတမွေးနေ့မင်္ဂလာ အထိမ်းအမှတ် စတုတ္ထအကြိမ် ဓမ္မပူဇာသဘင်ကျင်းပမည်ဖြစ်ရာ မတ် ၁၉ ရက်တွင် အရှင်ခေမာသိရီလင်္ကာရ (သီတဂူကြာတစ်ပွင့်)၊ မတ် ၂၀ ရက်တွင် အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ မတ် ၂၁ ရက်တွင် အရှင်အာစာရာလင်္ကာရ (နိုင်ငံတော်ကိုးဘွဲ့ရ) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အောင်စကြာ မိုးကုတ်ဝိပဿနာသင်္ကြန်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း (၁၀)ရက် အထူးတရားစခန်းပွဲကို ၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၆ ရက်မှ တန်ခူးလဆန်း ၁၅ ရက် (ဧပြီ ၁၁ ရက်မှ ၂၀ ရက်) အထိ ကျင်းပမည်ဖြစ်သည်။ ဒုလ္လဘရဟန်းနှင့် သီလရှင်ဝတ်လိုသော ပုဂ္ဂိုလ်များနှင့် တရားဝင်ယောဂီများသည် ကြိုတင်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး တရားစခန်းပွဲအတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည် လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၅၄၇၀၂၈နှင့် ၀၉-၅၁၄၇၃၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထီးတန်းအိမ်ရာမိသားစု အထူးတရားပွဲ

ရန်ကုန် မတ် ၁၃

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ထီးတန်းအိမ်ရာမိသားစု၏ တတိယအကြိမ်မြောက်အထူးတရားပွဲကို မတ် ၂၁ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မတ် ၂၁ ရက်တွင် အရှင်ပညာသီဟ (ရွှေညဝါဆရာတော်)၊ ၂၂ ရက်တွင် အရှင်ကုမာရ (မေတ္တာဆရာတော်)၊ ၂၃ ရက်တွင် အရှင်ဇာနေယျ (ရွှေမိုးညိုဆရာတော်)၊ ၂၄ ရက်တွင် အရှင်စန္ဒသူရိယ (အောင်စကြာဆရာတော်)၊ ၂၅ ရက်တွင် အရှင်ပညာသာရ (ပန်းတစ်ပွင့်တောင်ဆရာတော်)၊ ၂၆ ရက်တွင် အရှင်အာစာရာလင်္ကာရ (ကိုးဘွဲ့ရဆရာတော်)တို့က ညစဉ် ၇နာရီမှစတင်၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (၅၄၆)

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်) ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအားပူဇော်မည်

ရန်ကုန် မတ် ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ယမဟာဘုံစံကျောင်း အောင်မြေချမ်းသာရကျောင်းတိုက် ကနိကျေးရွာ ဖျာပုံမြို့နှင့် ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ဘဒ္ဒန္တနန္ဒမာလာ၊ ကျိုက္ကမ္မမ်ဘုရားကြီး လိပ်ဥကုန်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း လိပ်ဥကုန်းကျောင်းတိုက် ဖျာပုံမြို့တို့အား ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)မှ ထပ်ဆင့်ပူဇော်သည့် "ဂုဏဝိသိဋ္ဌမင်္ဂလာသဘင်"ကို ကျင်းပမည်ဖြစ်ကြောင်း၊ ဖျာပုံမြို့နယ်အသင်း (ရန်ကုန်) တည်ရှိရာ အဆောက်အအုံအား အသစ်ပြန်လည် တည်ဆောက်နေသည်ဖြစ်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း "ဧရာဝတီတိုင်းဓမ္မာရုံ"တွင် မတ် ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပါကြောင်း၊ ဖျာပုံမြို့နယ် အသင်းသား၊ အသင်းသူများ (အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ) တက်ရောက်ကြည်ညို ပူဇော်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဒု-ဥက္ကဋ္ဌ ရဲသူရသန်းလှိုင် ဖုန်း-၃၇၉၂၃၁၊ ဒုဥက္ကဋ္ဌ ဦးကျင်အောင် ဖုန်း-၂၂၄၄၈၂၊ အတွင်းရေးမှူး ဦးခင်ဦး ဖုန်း-၅၁၄၈၇၉၊ ပြန်ကြားရေးမှူး ဦးတင်ခိုင် ဖုန်း-၃၈၅၉၃၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အသင်းအဆောက်အအုံအသစ် တည်ဆောက်ချိန်ကာလ တစ်နှစ်ခန့်အတွင်း ဆက်သွယ်လိုပါကလည်း ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်နိုင်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

ဓမ္မရောင်ခြည် သဲအင်းဂူကျောင်းတိုက် ရေစက်ချအလှူပွဲ

ရန်ကုန် မတ် ၁၃

တောင်ဥက္ကလာပမြို့ အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကျောင်းတိုက်အတွင်းရှိ ကျောင်းဆောင်ကြီးနှင့် ဒါနဝတ္ထု အစုစုတို့အား အလှူရှင် ဦးအောင်ကြည်၊ ဒေါ်ကြည်စောနှင့် အလှူရှင်များက လှူဒါန်းခဲ့ရာ တည်ဆောက်ပြီးစီးသွားသည့် ဓမ္မဝိဟာရကျောင်းတိုက်ကြီးအား စုပေါင်းရေစက်ချအလှူပွဲကို တပေါင်းလဆန်း ၃ ရက် (တနင်္ဂနွေနေ့)တွင် ပြုလုပ်ရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တဇာဂရ (ဒွိပိဋကရေ) ကြွရောက်တော်မူပြီး ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်ခဲ့သည်ဟု သိရသည်။ (၂၃)

အမျိုးသား၊ အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်၊ အဖွဲ့ချုပ်သို့ငွေလှူ

ရန်ကုန် မတ် ၁၃

၂၀၀၈ခုနှစ်(၃၄)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်နှင့်(၁၀)ကြိမ်မြောက် အမျိုးသမီး တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို မတ် ၉ရက်က အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆုရရှိသူအားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးသန့်ဘော်ဦး မန်နေဂျင်းဒါရိုက်တာ ခိုင်မေခကုမ္ပဏီလီမိတက်က ငွေကျပ်ငါးသိန်း၊ စိုင်းစိုင်းခမ်းလှိုင် အမှုဆောင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ငွေကျပ်နှစ်သိန်း၊ ဦးအောင်ဇော်မြင့် ဥက္ကဋ္ဌ ရွှေဝါလင်းကုမ္ပဏီလီမိတက်ကငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးတက်နေလင်းထွေး မန်နေဂျင်း ဒါရိုက်တာ Modem Creation က ငွေကျပ်တစ်သိန်းနှစ်သောင်း၊ ဦးလှထွန်းဦး ဂုဏ်ထူးဆောင်၊ အမှုဆောင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ကငွေကျပ်တစ်သိန်း၊ ဦးဝင်းအောင် ဥက္ကဋ္ဌ A.H.K ကုမ္ပဏီလီမိတက်က ဒေါ်လာရှစ်ရာတန်ဖိုးရှိ ကမ္ဘာ့စစ်တုရင်ဗိုလ်လုပွဲသုံး ဒစ်ဂျစ်တယ် စစ်တုရင်နာရီငါးလုံး၊ ဦးကျော်မြင့် မြင့်မိသားစုကုမ္ပဏီက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ စစ်တုရင်ကစားခုံနှင့် အရုပ်ငါးစုံတို့ကို လှူဒါန်းကြသည်။

ယင်းနောက် ဆုပေးပွဲကျင်းပရာ အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် ပထမ အောင်မျိုးလှိုင် (ပြည်ထဲရေး)၊ ဒုတိယ ဝင်းဇော်ထွန်း(လယ်/ဆည်)၊ တတိယ ဇော်ဝင်း (လယ်/ဆည်)၊ စတုတ္ထ ဖြိုးချစ်(ပြည်ထဲရေး)၊ နှစ်သိမ့်ဆု(၁)မျိုးနိုင်၊ နှစ်သိမ့်ဆု(၂)စည်သူ၊ အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမ မေစုလွင်၊ ဒုတိယ မေဆက်လွင်၊ တတိယ နန်းအမ်ကေခိုင်လျှမ်း၊ အထူးဆု(၁) စမ်းလဲ့ဝေ၊ အထူးဆု(၂) လင်းထက်ထက်ဦးတို့အား ဆုများ ချီးမြှင့်ပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမျိုးသားတံခွန်စိုက်ဒိုင်းဆုနှင့် အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုတို့ကို ချီးမြှင့်သည်။

(ကြေးမုံ)

ရွှေစက်တော် အရှင်သုန္ဒရတရားပွဲ

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေစက်တော်ကျောင်း၊ ကမ္ဘာ့ဌာနာစရိယ ဆရာတော် အရှင်သုန္ဒရ(ဓမ္မာစရိယ) မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် ဒုတိယအကြိမ်မြောက် ကျင်းပသော ကော့သောင်းမြို့၊ တောင်ပေါ်ကျောင်းတိုက်ကြီး၌ မတ် ၁၆ရက်မှ ၂၂ရက်အထိလည်းကောင်း၊ ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့၊ တိလောကာရုံစာသင်တိုက်ကြီး၌ မတ် ၂၄ရက်မှ ၂၈ရက်အထိ လည်းကောင်း၊ မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲ၌ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မော်လမြိုင် အဝေးပြေးယာဉ်ရပ်နားစခန်း (မြေနီကုန်း)ရှိ မှန်လုံခရီးသည်တင်ယာဉ်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၃

မော်တော်ယာဉ်များ မတော်တဆ ယာဉ်အန္တရာယ်ဖြစ်ပွားမှု မရှိစေရေးအတွက် မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနတို့ ပူးပေါင်းပါဝင်သော စစ်ဆေးရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်တွင် မော်လမြိုင်မြို့ အဝေးပြေး ယာဉ်ရပ်နားစခန်း (မြေနီကုန်း) သို့ သွားရောက်၍ မှန်လုံခရီးသည်တင် ယာဉ်မောင်းများ၊ အရန်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်တို့၏ သတ်မှတ်လိုင်စင်များ ရှိ၊ မရှိနှင့် သက်တမ်းရှိလိုင်စင် ဟုတ်၊ မဟုတ်တို့ကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်ကလည်းကောင်း၊ ယာဉ်များကြံ့ခိုင်မှု ရှိ၊ မရှိ သက်သေခံလက်မှတ်(အဝိုင်း)နှင့် မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်များ သက်တမ်းရှိ၊ မရှိ၊ ယာဉ်များတွင် တပ်ဆင်ထားသည့် အချက်ပြမီးများ၊ ဘရိတ်ကောင်းမွန်မှုရှိ၊ မရှိနှင့် အရေးပေါ်ထွက်ပေါက် ဆောင်ရွက်ထားရှိမှုတို့ကို လက်ထောက်အင်ဂျင်နီယာ ဦးကျော်ရွှေကလည်းကောင်း၊ လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဒေါ်ခင်အေးကြူကလည်းကောင်း၊ မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်မှုရှိ၊ မရှိတို့ကို မထသ အတွင်းအရေးမှူး ဦးမောင်ချစ်နှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များက လည်းကောင်း ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

The Live News ဂျာနယ် အမှတ် (၇၅) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၃

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၇၅)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ဂျပန်အထည်ချုပ်လုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ လုပ်ငန်းတိုးချဲ့ရန်ပြင်ဆင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်၊ ဘဲဒိုင်စျေးကို ရွှေပြည်သာနှင့်ရွာသာကြီးတွင် ပြောင်းရွှေ့ဖွင့်လှစ်သွားမည်၊ ချယ်ရီပင်အောက် နောက်တစ်ခေါက်ပြန်မရောက်နိုင်တော့တဲ့ စိုင်းထီးဆိုင် နွေဉသြနှင့်အတူနှုတ်ဆက်ခွဲခွာသွားခဲ့ပြီ၊ ဆယ်ကျော်သက်သရုပ်ဆောင်မလေးမေသက်ခိုင်နှင့် မိတ်ဆက်ခြင်း၊ အချင်းချင်းလည်း အိုးမဲသုတ်တန် သုတ်ကြရတဲ့ သမ္မတလောင်းရွေးချယ်ပွဲ၊ ဒေါ်လာစျေးကျ၍ ဥရောပကားကုမ္ပဏီများ အမေရိကန်ကိုပြောင်းရွှေ့ နေတိုးကို ပုဆိန်လက်ဆောင်ပေးလိုက်တဲ့ ရုရှား၊ လက်တင်အမေရိကမှ စစ်မီးပွား၊ တစ်မည်တည်းဖြင့် မဂ္ဂဇင်းသုံးစောင်၊ ပုံပြင်မှပေးသော အတွေးအမြင်(လှျို့ဝှက်အပ်သောစကား)၊ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်၊ လမ်းပေါ်က အတွေးများ(၁၀) နွံထဲကကြာ၊ သမိုင်းကြောင်းကောင်းတဲ့ ဗိုလ်တထောင်ဘုရားလမ်း (Thompson Road)၊ တက္ကစီမင်းနှင့်အလောသုံးဆယ်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ လယ်တွင်းသားစောချစ်၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ဦးကိုကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ဆြာစန်းရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာတင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း (၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ရွှေစက်တော်ဘုရားပွဲမှအပြန် မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

နေပြည်တော် မတ် ၁၃

မတ် ၁၂ရက်နံနက်၁၀နာရီခန့်က ရွှေစက်တော်ဘုရားပွဲမှမကွေးတိုင်းစလင်းမြို့ လင်းဇင်းကျေးရွာသို့ ပြန်လာသည့် ယာဉ်မောင်းစိုးသူထွေး(၁၉)နှစ်(ဘ)ဦးထင်ကျော် မောင်းနှင်သော ကာဂိုခြောက်ဘီးယာဉ်(ဈ/၁၄၄၁)သည် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင် အမှတ်(၁၂၆/၄) ကုန်းဆင်းအရောက်တွင် ဘရိတ်ပေါက်ပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်လိုက်ပါလာသူခရီးသည် ၇၂ဦးအနက် ၄၉ဦးဒဏ်ရာရရှိခဲ့ပြီး အမျိုးသားငါးဦး၊ အမျိုးသမီးသုံးဦးတို့ အပါအဝင် စုစုပေါင်း ကိုးဦးသေဆုံးခဲ့သည်။

ဒဏ်ရာရရှိသူများအား မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီးနှင့် မကွေးပြည်သူ့ ဆေးရုံတို့သို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ယာဉ်မောင်းစိုးသူထွေးအား စကုရဲစခန်းတွင်အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ပြစ်မှုကျူးလွန်ရန် ကြံရွယ်မှုဖြင့် တိုင်ကြားချက် အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်နေ

ရန်ကုန် မတ် ၁၃

အရွယ်မရောက်သေးသူ မိန်းကလေးအား အဓမ္မပြုကျင့်ရန် ကြံရွယ်သူကို အမှုဖွင့် အရေးယူခေါင်းစဉ်ဖြင့် မတ် ၁၀ ရက် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် သတင်း၌ ဦးမျိုးလှိုင်အား ဒဂုံမြို့သစ်(တောင်ပိုင်း) ရဲစခန်း၌ အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ ထပ်မံသိရှိရသည်မှာ ဦးမျိုးလှိုင်အား ဒဂုံမြို့သစ် (တောင်ပိုင်း) ရဲစခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/၅၁၁ ပြစ်မှုကျူးလွန်ရန် ကြံရွယ်မှုဖြင့် တိုင်ကြားချက်ကို စုံစမ်းစစ်ဆေးနေခြင်းသာဖြစ်ကြောင်း သိရှိရပြီး ဦးမျိုးလှိုင်ဘက်မှ မိသားစုများကလည်း အဆိုပါ အမှုမှာ မှားယွင်း စွပ်စွဲမှုသာဖြစ်ကြောင်း၊ အမှုမှန် ပေါ်ပေါက်ရေးအတွက် ဖြေရှင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၈၆)လိုင်းမှ ဒိုင်နာယာဉ် လူကိုဝင်တိုက်ပြီးမောင်းပြေး

ရန်ကုန် မတ် ၁၃

လှိုင်သာယာမြို့နယ် (၈)ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်း မီးခွက်စျေးအနီးတွင် မတ် ၁၁ ရက် ည ၇ နာရီခွဲခန့်က ဘီအိုစီအဝိုင်းဘက်မှ အောင်ဇေယျတံတားဘက်သို့ ဦးတည်မောင်းနှင်လာသော အမှတ်(၈၆)လိုင်းမှ ဒိုင်နာယာဉ်(စိစစ်ဆဲ)က လမ်းဖြတ်ကူးသူ မစီစီစိန် (၂၈)နှစ် (ဘ)ဦးလှအောင် အမှတ်(၁၄၆/က) စိန်ပန်းမြိုင်(၂)လမ်း၊ (၇)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူကို ဝင်တိုက်၍ မောင်းပြေးသွားခဲ့သည်။ မစီစီစိန်မှာ ဝဲဘက်နားနှင့် ယာမျက်ခုံးတို့တွင် ဒဏ်ရာရရှိခဲ့ပြီး လှိုင်သာယာဆေးရုံသို့ တင်ပို့ရောက်ရှိစဉ် သေဆုံးခဲ့သဖြင့် ယာဉ်မှုစစ်က ယာဉ်တိုက်မှုနှင့် ပတ်သက်၍ စုံစမ်းရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှုခင်း သတင်း များ

ခရီးသည်ကို ဆဲဆိုထိုးကြိတ် မဖွယ်မရာလုပ်ပြခဲ့မှု ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ကို အမှုဖွင့်အရေးယူ

ရန်ကုန် မတ် ၁၃

မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်း တံတားလေးလမ်းဝမှတ်တိုင်တွင် မတ် ၁၁ ရက် ညနေ ၆ နာရီခန့်က ယာဉ်လိုင်းအမှတ်(၁၀၈) ဆူးလေ-မြောက်ဥက္ကလာပ ပြေးဆွဲသည့် ယာဉ်အမှတ် ၆က/၅၂၄၅ဖြင့် လိုက်ပါလာသည့် ခရီးသည် ဦးအောင်လွင်(၄၅)နှစ်နှင့် ၎င်း၏ဇနီး ဒေါ်ခင်စန္ဒာဝင်းတို့အား မော်တော်ယာဉ်အတွင်းပိုင်းသို့ ဝင်ရောက်ပေးရန် ပြောဆိုရာမှ စကားများကြပြီး ဦးအောင်လွင်တို့ ယာဉ်ပေါ်မှ အဆင်းတွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် (စိစစ်ဆဲ) တို့က ဆဲဆို၍ ဝိုင်းဝန်းထိုးကြိတ်ခဲ့သဖြင့် ဦးအောင်လွင်မှာ ယာမျက်ခွံပေါက်ပြဲ၊ ယာမျက်ခုံးပွန်းပဲ့၊ နှာခေါင်းနာကျင်၊ ဝဲယာမေးရိုးနာကျင်၊ ဝဲတံတောင်ဆစ် ပွန်းပဲ့ဒဏ်ရာရရှိခဲ့သည့်အပြင် ဒေါ်ခင်စန္ဒာဝင်းကိုလည်း ကိုယ်အမူအရာဖြင့် မဖွယ်မရာပြုလုပ်ပြခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဦးအောင်လွင်၏ တိုင်ကြားချက်အရ မရမ်းကုန်းမြို့နယ် ရဲစခန်းမှ (ပ)သတင်းချက်အမှတ် ၁၅/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၃၂၅/၁၁၄ ဖြင့် အမှုဖွင့်၍ စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း မုန်းမြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရရှိ

နေပြည်တော် မတ် ၁၃

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ မတ်၈ရက် နံနက် ၉နာရီခန့်တွင် ပဲခူးတိုင်း မုန်းမြို့နယ် အောင်ချမ်းသာကျေးရွာမှ ဦးပေါက်စံ၏ သား ဦးစန်းလွင် အသက် ၄၀ နှစ်သည် အဖော်ဖြစ်သူ ကိုမင်းနိုင်၊ ကိုနုနုတို့နှင့်အတူ ဝါးခုတ်ရန် တောတွင်းသို့ သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ ဦးစန်းလွင်၏ ဘယ်ဘက်ခြေထောက်မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

မိုင်းစထိမှန်ဒဏ်ရာရရှိသည့် ဦးစန်းလွင်အား တာဝန်ရှိသူများက မုန်းတိုက်နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈:၁၅ ၇။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ English for Everyday Use..
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Demonstration Exercises For Correct Pronunciation.
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၅၅ ၅။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၅ခုနှစ်)
၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၂၅ ၇။ မြန်မာစာ၊မြန်မာစကား
၅:၃၅ ၈။ **"လုံ--လုံ--လုံ" (ဖိုးညဏ်၊မေကဗျာ) (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)**
၅:၄၀ ၉။ နှောင်းခေတ်တေးပဒေသာ
၅:၅၀ ၁၀။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၂၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း-၁၆)**
၇:၅၀ ၁၅။ ရှုဖွယ်စုံညီ မြန်မာပြည်
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆက်တိုင်း"(အပိုင်း-၉)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ရွှေတိဂုံစေတီတော်မြတ်ကြီး (၂၅၉၆)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၃

ရွှေတိဂုံစေတီတော်မြတ်ကြီး (၂၅၉၆)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို စေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ မတ် ၁၂ ရက် နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သြဝါဒစရိယနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒစရိယ ဗဟန်းမြို့နယ် အောင်မြေဘုံစံဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာ ဘိဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်များက နှစ်ကျိပ်ရှစ်ဆူနှင့် ပန်းပေါင်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒစရိယ အောင်မြေဘုံစံဆရာတော်နှင့် ဂေါပကအဖွဲ့ဝင်များက ဆီမီးတန်ဆောင်ထွန်းညှိပူဇော်ပြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဂေါပကအဖွဲ့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်တွင် မတ် ၁၂ ရက်မှ ၂၁ ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ မတ် ၂၀ ရက် ညနေပိုင်းတွင် သံဃာတော်များနှင့် သာသနာနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်း၊ မတ် ၂၁ ရက် (တပေါင်းလပြည့်နေ့) နံနက် အရုဏ်၌ ဆွမ်းတော်ကြီးတင် ဆက်ကပ်လှူဒါန်းခြင်းနှင့် နံနက် ၉ နာရီခွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား နာကြားခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၅၉၆) နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

မော်လမြိုင် ဆံတော်ရှင်ဦးဇိန စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဆံတော်ရှင်ဦးဇိနစေတီတော်မြတ်ကြီး၏ ပဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၊(၃၂)ကြိမ်မြောက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ တပေါင်းလပြည့်နေ့တွင် ဆွမ်းတော်ကြီးတင်လှူပွဲ၊ ဆီမီးတစ်ထောင်ပူဇော်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးတို့အတွက် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို မတ် ၁၁ ရက်တွင် ယင်းစေတီတော်မြတ်ကြီး၏ ရင်ပြင်၌ကျင်းပရာ ပွဲတော်ဖြစ်မြောက်ရေးလုပ်ငန်းဆပ်ကော်မတီများ၏ နာယက ပြည်နယ် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရောင်းဝယ်ရေးအရာရှိ ဦးစိန်မြင့် နှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းတို့က အမှာစကားပြောကြားကြသည်။ ပဋ္ဌာန်း ရွတ်ပူဇော်ပွဲကို မတ် ၁၄ ရက်မှ ၁၉ ရက်အထိ ကျင်းပပြီး ဗုဒ္ဓပူဇနိယ ပွဲတော်ကို မတ် ၂၀ ရက်နှင့် ၂၁ ရက်(တပေါင်းလပြည့်)နေ့တို့တွင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကွယ်လွန်သူဖခင်ကြီး ဦးမောင်မောင် (၃)နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၁)ရပ်ကွက် အင်းစိန်လမ်းနေ ဇနီး ဒေါ်ခင်ကြည်နှင့် သား၊ သမီး၊ မြေးတို့၏ ကောင်းမှုအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကရွှေရတု၊ ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒက ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးသက်ဝေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

ရန်ကုန် မတ် ၁၃

တရားစီရင်ရေးဆိုင်ရာ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မန္တလေးခရိုင် တရားရုံး အစည်းအဝေးခန်းမ၌ မတ် ၂ရက် နံနက် ၈နာရီတွင် ကျင်းပရာ မန္တလေးတိုင်းတရားသူကြီး ဦးလှဝင်းနှင့် တွဲဖက်တိုင်းတရားသူကြီးများက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရာတွင် အမျိုးသားညီလာခံက ချမှတ်ပေးထားသော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ကော်မရှင်အစည်းအဝေး (၁၇/၂၀၀၈)တွင် သဘာပတိ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ပြောကြားသည့် နိဂုံးချုပ်အမှာစကားကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကိုလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် မန္တလေးတိုင်း တရားသူကြီး ဦးလှဝင်းက မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်တရားရုံးများတွင် စစ်ဆေးစီရင်လျက်ရှိသော ပြစ်မှုဆိုင်ရာအမှုများ၊ တရားမမှုများနှင့်စပ်လျဉ်း၍ မှန်မှန်နှင့် မြန်မြန်တရားစီရင်ရေး၊ တစ်နှစ်အထက် ကြန့်ကြာသော ပြစ်မှုဆိုင်ရာအမှုများ မရှိစေရေး၊ ပြစ်မှုထင်ရှားတွေ့ရှိသူများအား ပြစ်မှုနှင့်လျော်ညီစွာ ထိရောက်ဟန့်တားသော ပြစ်ဒဏ်ချမှတ်ရေး စသည်ဖြင့် တရားစီရင်ရေးရာကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (၄၆၉)

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် ဘိုးဘွားများအား ဂုဏ်ပြုလှူဒါန်းပွဲကို ဒေးဒရဲ စံပြကျေးရွာ ဘိုးဘွားရိပ်သာ၌ ကျင်းပရာ တွံတေးမြို့မှ အလှူရှင် ဦးငွေသောင်းနှင့် မောင်နှမများက လှူဖွယ်ပစ္စည်းများ လှူဒါန်းစဉ်။ (က-ပ)

ရင်နှင့်အောင်မွေး မကြာမီရုံတင်မည် သိပ္ပံခေတ်လွန်ဇာတ်ကား မင်္ဂလာရုံ၌ ကြည့်ရှုနိုင်

ကြေးမုံ ရုပ်ရှင်

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ ယခု လာမည့်သောကြာနေ့ မတ် ၁၄ ရက်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံတင်ပြသနိုင်ခြင်းမရှိဘဲ ပြသဆဲ မြန်မာဇာတ်ကား အမည်မဖော်လိုသူ အချစ်ဇာတ်ကား တစ်ကားတည်းသာ သမ္မတနှင့် သွင်ရုံတို့တွင် ဆက်လက်ပြသမည် ဖြစ်သည်။

မျိုးရုပ်ရှင်ထုတ်လုပ်ရေးမှ ဂျာနယ်ကျော်မမလေး၏ နာမည်ကြီးဝတ္ထုကို မောင်ဝဏ္ဏနှင့် မောင်မြင့်ဆောင်တို့ ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ မောင်ဝဏ္ဏရိုက်ကူးသည့် ရင်နှင့်အောင်မွေး မြန်မာရုပ်ရှင်ကားသစ်မှာ မတ်လနောက်ဆုံးပတ်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်သည့် သမ္မတ၊ သွင်၊ မင်္ဂလာရုံများနှင့် မန္တလေးမြို့၊ မြို့မနှင့် ဝင်းလိုက်ရုံများတွင် တင်ဆက်ပြသမည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် လွင်မိုး၊ နေအောင်၊ ထွန်းထွန်းဝင်း၊ မေတ္တာ၊မိုးဒီ၊သရုပ်ဆောင်သစ်သုခစိုး၊ ခင်သန်းနု၊ မျိုးသန္တာထွန်း၊ ထူးမွန်၊ နွဲ့နွဲ့စန်း၊ ခင်မို့မို့အေးနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြသည်။ အချစ်ဇာတ်ကားကောင်း ကြိုက်နှစ်သက်သူ ရုပ်ရှင်ချစ်ပရိသတ်များ နှစ်သက်ကြမည့် ဂန္ထဝင် အချစ်ဇာတ်ကားကောင်း တစ်ကား ဖြစ်သည်။

မင်္ဂလာရုံတွင် သိပ္ပံခေတ်လွန် စမ်းသပ်မှုများကြောင့် ဖုတ်ကောင်များ သဖွယ် ဘဝပြောင်းသွားသည့် လူပုံတူကိုယ်ပွားများ အကြောင်းကို ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားသည့် Resident Evil: Extinction သည်းထိတ်ရင်ဖိုဇာတ်ကား ပြသမည်ဖြစ်ပြီး အကြမ်းဖက် တိုက်ခိုက်သူများအား ပူးပေါင်းနှိမ်နင်းသည့် အပစ်အခတ်လှိုင်လှိုင် ရိုက်ကူးထားသော The Kingdom ဇာတ်ကား ရွှေဆောင်ရုံတွင် ပြသမည်ဖြစ်သည်။ နေပြည်တော်ရုံတွင် နာမည်ကြီး သရုပ်ဆောင် မင်းသား နီကိုလပ်ကေ့ဂျ် ပါဝင်သည့် National Treasure Book of Secrets စွန့်စားမှုအသားပေးဇာတ်ကား ပြသမည်ဖြစ်သည်။

မြို့လယ်ဘုရင့်ရုံတွင် နာမည်ကြီး အိန္ဒိယသရုပ်ဆောင် မင်းသားရှာရွတ်ခန်း ပါဝင်သည့် Kal Ho Naa Ho အချစ်ဇာတ်ကားပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားမှာ ၂၀၀၅ ခုနှစ်အတွင်း အကယ်ဒမီဆု ငါးဆုရ ဇာတ်ကားဖြစ်သည်။

ဆုထူးပန်ရုံတွင် သည်းထိတ်ရင်ဖိုတော်လှန်ရေးဇာတ်ကား ဖြစ်သည့် Abke Baras အိန္ဒိယဇာတ်ကား ပြသမည်ဖြစ်သည်။ (ကြေးမုံ)

မကြာမီရုံတင်ပြသမည့် ရင်နှင့်အောင်မွေး ဇာတ်ကားသစ်မှ လွင်မိုးနှင့် မျိုးသန္တာထွန်းတို့ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

အောင်မင်္ဂလာ မြေဇင်း တောရရိပ်သာ တရားစခန်း

ရန်ကုန် မတ် ၁၃

မော်ဘီမြို့နယ် ဘွက်ကြီးကျေးရွာ အောင်မင်္ဂလာ မြေဇင်းတောရရိပ်သာ၌ မတ် ၂၁ ရက်မှ မေ ၁၉ ရက်အထိ မောင်းထောင်မြေဇင်းတောရ ကိန္နီ ဥပနိဿယအတိုင်း တပည့်အရှင်သောပါက (သာသနဓဇဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက)က ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများသည် မတ် ၁၈ ရက် နောက်ဆုံးထား၍ ဆရာတော် အရှင်သောပါက ဖုန်း-၀၉၅၁၂၉၅၂၉၊ ဦးဖေသိန်း ဖုန်း-၀၉၅၀၁၄၇၈၉၊ ဦးချစ်ရှိန် ဖုန်း-၀၉၅၁ ၇၄၀၂၇၊ ဆရာဦးသန်းဝင်း (ညောင်ဦး) ဖုန်း-၆၆၁၁၄၈၊ ၇၂၀၄၅၄ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပြီး မတ် ၂၁ ရက်တွင် ရိပ်သာဖွင့်ပွဲ ကျင်းပမည်ဖြစ်ရာ မြေဇင်းတောရ ဆရာတော်ကြီး၏ တပည့်ယောဂီဟောင်းများ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

"ရေယာဉ်လေလံကြော်ငြာချက်"

၁။ ဖမ်းဆီးရမိရေယာဉ်များကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးမှ ဖမ်းဆီးရမိရေယာဉ် (၂၀) စီးအား လေလံတင်ရောင်းချပွဲများကို အောက်ဖော်ပြပါ မြို့/ရက်များအတိုင်းကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

စဉ်	ရေယာဉ်အမည်/ အမျိုးအစား	အတိုင်းအတာ (ပေ)	အင်ဂျင် မြင်းကောင်ရေ
မြစ်ကြီးနား (၂၄-၃-၂၀၀၈)			
၁။	သစ်မှောင်းနိုလှေ	၃၅ × ၆ × ၂. ၆	တရုတ်နီး မြင်း - ၅/၆
၂။	သစ်မှောင်းနိုလှေ	၄၀ × ၆ . ၆×၂. ၆	တရုတ်နီး မြင်း - ၁၈
၃။	သစ်မှောင်းနိုလှေ	၆၁ × ၁၄ × ၅	ဒူလင်း မြင်း-၂၂ ကျင်းဒေါင်း မြင်း-၂၂
၄။	သစ်မှောင်းနိုလှေ	၆၅ × ၁၈ × ၅	ဂျင်းဒေါင်း၊ မြင်း - ၂၅၊ ၃၀(၂)လုံး
မော်လမြိုင် (၂၄-၃-၂၀၀၈)			
၁။	စတားလိုက်(သစ်မှောင်းနိုလှေ)	၉၄ × ၁၈ × ၆	ဟီးနိုးအီးကော-၁၀၀(၆)လုံးထိုးမြင်း-၁၈၀
၂။	လှိုင်ဝင်းသက်(သစ်မှောင်းနိုလှေ)	၇၄ × ၁၅ × ၉	ဟီးနိုးအီးကော-၁၀၀(၆)လုံးထိုးမြင်း-
မြိတ် (၂၄-၃-၂၀၀၈)			
၁။	အောင်ထွန်းနိုင်(မှောင်းနိုလှေ)	၅၂. ၈×၁၄. ၅×၅	နစ်ဆန်း(၆)လုံးထိုး မြင်း -၁၈၀
၂။	သစ်မှောင်းနိုလှေ	၆၆. ၁၁×၁၃. ၃×၆. ၃	နစ်ဆန်း(၆)လုံးထိုး မြင်း -၁၈၅
၃။	သစ်မှောင်းနိုလှေ	၆၀ × ၁၃. ၂×၅. ၆	ဟီးနိုး(၆)လုံးထိုးမြင်း- ၂၈၀
၄။	ယိုးဒယားမြုံလှေ	၅၅. ၆×၁၄. ၄×၅. ၂	ဟီးနိုးအီးကော-၁၀၀(၆)လုံးထိုးမြင်း-၂၈၅
၅။	အင်ဗိုင်းမျှားတန်းလှေ	၅၈. ၁၁×၉. ၁၁×၄	မစ်ဆူဘီရှီ(၆)လုံးထိုးမြင်း-၁၂၀
၆။	သစ်မှောင်းနိုလှေ	၆၇. ၁×၁၇. ၅×၈	ဟီးနိုးအီးကော-၁၀၀(၆)လုံးထိုးမြင်း-၂၈၀
၇။	ငြိမ်းချမ်း(သစ်မှောင်းနိုလှေ)	၇၉×၁၆. ၁၀×၇	အီးကော-၁၀၀(၆)လုံးထိုးမြင်း-၃၅၀
စစ်တွေ (၂၄-၃-၂၀၀၈)			
၁။	သစ်မှောင်းနိုလှေ	၄၀ × ၁၁ × ၅	ဝွန်ဒေါင်း၊ မြင်း ၂၂
၂။	နွားမှောင်းနိုလှေ	၄၂ × ၈. ၅ × ၄	ဂျင်ဒေါင်း၊ မြင်း - ၂၅
၃။	နွားမှောင်းနိုလှေ	၄၃ × ၈ . ၃ × ၄	ဂျင်ဒေါင်း၊ မြင်း - ၂၅
၄။	သစ်မှောင်းနိုလှေ	၃၈ × ၇ × ၃	ဂျင်မား၊ မြင်း - ၂၀
ကျောက်ဖြူ (၂၆-၃-၂၀၀၈)			
၁။	ဆန်မှောင်းနိုလှေ	၈၃ × ၂၂ × ၁၀	မစ်ဆူဘီရှီ(၈)လုံးထိုးမြင်း-၂၇၀
၂။	ဆန်မှောင်းနိုလှေ	၇၇ × ၁၇ × ၉	ဟီးနိုးအီးကော-၁၀၀(၆)လုံးထိုးမြင်း-၂၈၀
ကော့သောင်း (၂၆-၃-၂၀၀၈)			
၁။	အောင်ရွှေသိန်း(ငါးဖိုးလှေ)	၄၃ × ၁၁ × ၃. ၅	မစ်ဆူဘီရှီ(၄)လုံးထိုးမြင်း-၈၅ တရုတ်နီခွင်းစက်တွဲလျက်

၂။ လေလံတင်ရောင်းချခြင်းအား အသေးစိတ်သိလိုပါက ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးနှင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ စုံစမ်းနိုင်ပါသည်။

ဖမ်းဆီးရမိ ရေယာဉ်များကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံး

စစ်ထောက်ချုပ်ရုံး	-	ဖုန်း ၀၃၆-၃၁၀၉၅၊ ၀၃၆-၃၁၁၁၈
မြစ်ကြီးနား	-	ဖုန်း ၀၃၃-၄၀၀၆၃၊ ၀၃၃-၄၀၀၆၈
မော်လမြိုင်ဒေသ	-	ဖုန်း ၀၅၇-၂၄၅၃၃
မြိတ်ဒေသ	-	ဖုန်း ၀၅၉ - ၄၁၈၀၃၊ ၀၃၁-၄၀၀၆၉
စစ်တွေဒေသ	-	ဖုန်း ၀၄၃-၂၃၈၃၃၊ ၀၄၃ - ၂၃၉၅၅
ကျောက်ဖြူဒေသ	-	ဖုန်း ၀၃၂-၃၃၀၂၁၊ ၀၃၂ - ၃၃၀၂၅၊ ၀၄၃ -၄၆၄၇၁
ကော့သောင်းဒေသ	-	ဖုန်း ၀၅၉-၅၁၆၆၁

THE MASTERS

သင်ယူ၊ ပြင်ဆင်၊ ပူးပေါင်းဆောင်ရွက် မြန်မာတို့အတွက်

ဂျပန်ဆရာကြီး Mr. Aoki ၏

ဂျပန်ဘာသာစကားသင်တန်းများ

- Basic, Intermediate, Advance, Kanji
- စကားပြောသီးသန့် (Basic, Intermediate)

ဝါရင့်ပြည်တွင်း/ပြည်ပ ဆရာတို့သင်ကြားသည့်

အင်္ဂလိပ်ဘာသာစကားသင်တန်းများ

- 4 Skill Course
- Spoken Course
- IELTS

အလုပ်အင်တာဗျူးများ အခမဲ့စီစဉ်ပေးသည်။

(မတ်လ- ၂၄၊ ၂၇၊ ၂၉ စမည်။) စာရင်းသွင်းလက်ခံပြီ။

၂၃၄/၂၄၀၊ ဆူးလေမိုးကုတ်တာဝါ၊ ၃-ထပ်၊ နေပြည်တော်ခုံဘေး၊ရန်ကုန်မြို့၊

☎371359, 09 518 5687

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လမ်း/ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချရန် ကြော်ငြာ

၁။ ရန်ကုန်တိုင်းအတွင်း အောက်ဖော်ပြပါ နိုင်ငံပိုင် လမ်း/တံတား အသုံးပြုခ ကောက်ခံရေး ဂိတ်စခန်း (၁၀)ခုအား ၁-၄-၂၀၀၈ ရက်နေ့မှ ၃၁-၃-၂၀၀၉ ရက် နေ့အထိ (၁၂)လ ကာလအတွက် လမ်း/တံတား အသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း လိုင်စင်များကို နိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်—

(က) လေလံတင်ရောင်းချမည့် ဂိတ်စခန်းများ

(၁) အမှတ် (၂)လမ်းဂိတ်
(၂) အမှတ် (၃)လမ်းဂိတ်
(၃) အမှတ် (၄)လမ်းဂိတ်
(၄) လှိုင်သာယာ လမ်းဂိတ်
(၅) ဘုရင့်နောင်တံတားဂိတ် (သာမန်)
(၆) အောင်ဇေယျတံတားဂိတ် (စီမံကိန်းဝင်)
(၇) ရွှေပြည်သာတံတားဂိတ် (စီမံကိန်းဝင်)

(ခ) ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့် နေ့ရက်/အချိန်

၂၀-၃-၂၀၀၈ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီ

(ဂ) ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်နေရာ

အစည်းအဝေးခန်းမ(၂)
ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး

၂။ ဂိတ် (၁)ခုချင်းအလိုက် ချိပ်ပိတ်တင်ဒါ ဈေးနှုန်းတင်သွင်းလွှာနှင့် တင်ဒါစည်းကမ်းများကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် လျှောက်လွှာတစ်စောင်လျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်)နှုန်းဖြင့် ဝယ်ယူ၍ ၁၉-၃-၂၀၀၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

၃။ အသေးစိတ်သိလိုသော အချက်များကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း- ၃၇၀၅၀၇၊ ၃၇၀၅၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
လမ်း/တံတားအသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေးကော်မတီ

မွေးနေ့မင်္ဂလာဆုတောင်း

ဦးလှဌေး (လ/ထ မြို့နယ်ပညာရေးမှူး) အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း၏ ၁၄-၃-၂၀၀၈ နေ့တွင်ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာပြီး သာသနာ့အကျိုး သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

မျိုးဆက်—ဒေါ်ဝင်းရီ (JAT၊ အထက၊ မဲဇလီကုန်း)
ချစ်သား—ကိုအောင်မြတ်ကျော်+သမီးမတင်မာသွယ်၊ မြေး—မေသင်းတင်မာ

မြတ်နိုးသူ Special Travels & Package Tours

အဆင့်မြင့်ဝန်ဆောင်မှုပြည့် ခရီးသွားလုပ်ငန်း။
Family Style & Full Services.

1. **အလောင်းတော်ကဿပခရီးစဉ်** Apr:12-120000/-K
(စစ်ကိုင်း+မင်းကွန်း+မုံရွာ+မန္တလေး+ကျောက်ဆည်တောင်)တို့ ပါဝင်သည်။
2. **တောင်ကြီး-အင်းလေးခရီးစဉ်** Apr:13-110000/-K
(မွေတော်ကက္ကူ+မြစ်မိမ်းတောင်+ပင်းတယ+ကလော)တို့ ပါဝင်သည်။

H-Off: အမှတ်-၁၃၊ ဗုဒ္ဓယလမ်း၊ အနောက်မြင်းခြိုင်ကွင်းလမ်းမ၊ တာမွေ၊ 095014517
Branch 1: အမှတ်(၅၄-ဗီ)၊ရတီမိုးပွဲရုံ၊ ရေတာမာလမ်း၊ဘုရင့်နောင်ပွဲရုံတန်း၊မရမ်းကုန်း၊
Contact Ph: 680512, 683722- Ex:4132, 095156297,095044489

တိုက်ခန်းအမြန်ရောင်းမည်

မဟာဗောဂလမ်း၊ စမ်းချောင်းမြို့နယ်၊ လေးလွှာ၊ ရေ၊ မီးစုံ။
ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းရန်။
ဖုန်း-၅၂၆၃၆၃၊ ၀၉၅၀၂၀၉၁၅

အမည်ပြောင်း

အဖ ဦးမောင်သောင်း၏ သားဖြစ်သူ မောင်ဇော်ဇော်ဝင်းအား မောင်သီဟကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သီဟကျော်

စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ရန်

ပြည်ပအလုပ်အကိုင်ရှာဖွေရေးလိုင်စင် ရရှိထားသော **သုခစုစံကုမ္ပဏီ** ၏စီစဉ်မှုဖြင့် စင်ကာပူနိုင်ငံEngineering ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသော အမျိုးသားများကို အလုပ်ရှင်ကိုယ်တိုင်လာရောက်ရွေးချယ်ခေါ်ယူပါမည်...

- **General Fitter** – (၅၀၀)ဦး (အသက် ၃၅- နှစ်ထက်မကြီးသူများ)
- **ပညာအရည်အချင်း** – အလယ်တန်းအဆင့် နှင့်အထက်
- **အခြေခံလစာ** – တစ်လလျှင် S$ 500 + O.T (အခမဲ့ –နေစရာ၊ကြို/ပို့)
- **ဝန်ဆောင်ခ** – S$ 1,500 နှင့်ညီမျှသော မြန်မာကျပ်ငွေ။

Passport မရှိသေးသူများလည်း လျှောက်ထားနိုင်သည်။

➢ လျှောက်ထားသူများအား စင်ကာပူနိုင်ငံရှိ Institute of Technical Education (ITE) မှလာရောက်စစ်ဆေးပြီး Certificate အပ်နှင်းမည့်သင်တန်းအား ၁၈မြန် ပို့ချစစ်ဆေးပါမည်။

➢ ITE Certificate ရပြီးသူများသည် စင်ကာပူနိုင်ငံတွင် ITE Diploma Course, Degree Course များ ဆက်လက်သင်ယူပြီး ရာထူးနှင့်လစာ တိုးမြင့်မှု ခံစားခွင့်များရရှိနိုင်ပါသည်။

မှတ်ချက်။ ။ **သုခစုစံသင်တန်းကျောင်းသည် မြန်မာနိုင်ငံ၏တစ်ခုတည်းသော ITE သင်တန်းကျောင်းဖြစ်ပါသည်။**

သင်တန်းသားများအတွက် နေစရာစီစဉ်ပေးမည်။ "ကာယကံရှင်ကိုယ်တိုင် ကုမ္ပဏီနှင့်ဆက်သွယ်စုံစမ်းပါ။"

သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီ
အမှတ်(107)မြေညီ၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတား၊ ရန်ကုန်။
Tel: 392233/253298/386877 Website: www.tksstkss.com

Coca Suki Restaurant

Since 1957

Coca ချစ်သော Suki နှစ်သက်သူ မိတ်ဆွေများ၏ ထပ်မံတောင်းဆိုချက်အရ နေ့လယ်စာအထူးအစီအစဉ်အဖြစ် March လ (၉)ရက်နေ့ မှ (၂၃)ရက်နေ့အထိ Regular Suki Buffet ကို

50% Discount အထူးနှုန်းဖြင့် ပြန်လည် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(11:00 am to 3:00 pm) အတွင်းသာ

Phone : 229904, 229905, Hp : 09 512 7295

ဆယ်ကျော်သက်ရွယ်ဘဝအောင်မြင်ရေးနည်းပညာများ

Life Strategies for TEENs

Seven Habits of Highly Effective TEENs, Thinking Skills for TEENs
Healthy Life Style, Personal Grooming, Understanding University Education
Learning Overseas, Myanmar Studies, English : theUniversal Language, ICT Knowledge

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ အောင်ပြီးသူများ ဘွဲ့ရပြီးသူများအပြင် နိုင်ငံခြားတွင် ပညာသင်ကြားလိုသောလူငယ်များ အတွက်အထူးသင်တန်း ၁.၄.၂၀၀၈ စမည်

စိတ်ဝင်စားသောမိဘများနှင့်ကျောင်းသားများ ဆွေးနွေးပွဲတက်နိုင်သည်
၂၃.၃.၂၀၀၈ နံနက် ၁၀း၀၀ – ၁၂း၀၀နာရီ

MIEC Educare Centre
12-01, Olympic Tower, BoAungKyaw St
☎ 256 602 392 617

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော SIN PAUK TRADING Co., LTD သည် အောက်တွင် ဖော်ပြထားသော DYNO ကုန်အမှတ်တံဆိပ်နှင့် DYNO FLEX ကုန်အမှတ်တံဆိပ်အမည်အမှတ် အသားများကို VINYL ကြမ်းခင်းများ၊ ကြမ်းခင်းရာတွင် အသုံးပြုသော အထောက်အကူပစ္စည်း (ACCESSORY) (ဥပမာ–DYNOKOTE, DYNOWAX, DYNOKLEEN, DYNOBOND, DYNOGLUE) အမျိုးမျိုးတို့ပေါ်တွင် အရောင်အမျိုးမျိုး အရွယ်အစား အမျိုးမျိုး၊ ပုံစံအမျိုးမျိုးရိုက်နှိပ်၍မြန်မာတစ်ပြည်လုံးတွင် ဖြန့်ဖြူးရောင်းချရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင် အမှတ် (၄/၇၀၁/၂၀၀၈) (၄/၇၀၂/၂၀၀၈)ဖြင့် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။



သို့အတွက် အထက်ပါ ကုန်အမှတ်တံဆိပ်သည် အမှတ်အသားတစ်ခုလုံးကို ဖြစ်စေ၊တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မှိုင်းမြင်းအတုပြုလုပ်ခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း၊ အတုအပပြုလုပ်ခြင်း စသည်တို့ကို တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဖြစ်မှုကြောင်း တရားမကြောင်းတို့အရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

SIN PAUK TRADING Co., LTD၏ လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်မေကျော်စိုး (LL.B)	ဒေါ်တင်ဝင်းမြင့် (LL.B)
အထက်တန်းရှေ့နေ	တရားရုံးချုပ်ရှေ့နေ

(KYAW SOE BO CHAMBER) Ph; 095120858

မီးသတိပြု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ ရွှေမေတ္တာ အပြင်လမ်းရှိ အားသစ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်ပိုင် မြေပေါ်ရှိ ဆိုင်ခန်းအမှတ်(၂)အား ဦးကျော်စွာအောင်(ခ) ဦးဇော်မင်းမှ ရောင်းချ၍ စရန်ငွေပေးချေကာ ဝယ်ယူထားပါသည်။ ကန့်ကွက်ရန်ရှိသူများသည် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်စန်းစန်း
[၁၂/မဂတ(နိုင်)၀၇၉၁၃၄]
အခန်းအမှတ်(၇)၊
ရွှေမေတ္တာအပြင်လမ်း
၁/အနော်မာရပ်ကွက်၊
သာကေတမြို့နယ်
ရန်ကုန်မြို့.

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ရောဝတီတိုင်း ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈) ကျင်းပ

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ရောဝတီတိုင်းကော်မရှင် အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၀၈) ကို မတ် ၁၀ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ရှိ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သဘာပတိများအဖြစ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင်များ ဖြစ်ကြသော ဦးစံလွင်နှင့် ဦးတင်ဆန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးစံလွင်က အဖွင့်အမှာစကား ပြောကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ရောဝတီတိုင်းကော်မရှင် အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈) ကျင်းပစဉ်။ (သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်များ

(၁၃-၃-၂၀၀၈)

မင်းဘူးနှင့်မကွေး

၃၉ ဒီဂရီစင်တီဂရိတ်

(၁၀၂ ဒီဂရီဖာရင်ဟိုက်)

မီးကိုကြိုတင် ကာကွယ်မှုဖြင့် အနိုင်ယူပါ

ကြေးမုံ The Mirror — ဒီမိုကရေစီ နိုင်ငံတော်သစ်ကို အမှန်တကယ်လိုလားကြပါလျှင်

မြန်မာနိုင်ငံတွင် မကြာမီ ဖြစ်ထွန်းလာတော့မည့် ဒီမိုကရေစီလမ်းကြောင်းသည် နိုင်ငံနှင့်လူမျိုး၏ ပကတိအကျိုးစီးပွားကို ဖော်ဆောင်နိုင်တော့မည်ဖြစ်ရာ “ဒီမိုကရေစီနိုင်ငံတော်သစ်ကို အမှန်တကယ် လိုလားကြပါလျှင်” ၂၀၀၈ ခုနှစ် မေလတွင် ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံဆန္ဒမဲပေးပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရန်မှတစ်ပါး အခြားရွေးချယ်စရာလမ်း မရှိပါ။

ကေတုနီလာ၏ **“ဒီမိုကရေစီနိုင်ငံတော်သစ်ကို အမှန်တကယ် လိုလားကြပါလျှင်”** (ဆောင်းပါး) စာမျက်နှာ – ၆